# ပြည်သူ့ရှေ့ဆောင်ပါတီ

# People's Pioneer Party

## ဖွဲ့စည်းပုံစည်းမျဉ်း

# မာတိကာ


| စဉ် | | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|---|
| နိဒါန်း | | | | |
| ၁။ | အခန်း (၁) | ပါတီအမည်နှင့် ပါတီအလံ | ... | ၁ |
| ၂။ | အခန်း (၂) | ရည်ရွယ်ချက်နှင့် တန်ဖိုးစံများ | ... | ၃ |
| ၃။ | အခန်း (၃) | ပါတီဌာနချုပ်တည်နေရာနှင့် ပါတီစည်းရုံးရေးနယ်နိမိတ် | ... | ၅ |
| ၄။ | အခန်း (၄) | ပါတီ၏ အခြေခံမူဝါဒများ၊ ဖွဲ့စည်းပုံဆိုင်ရာပြဋ္ဌာန်းချက်များ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ | ... | ၆ |
| ၅။ | အခန်း (၅) | ပါတီ၏ အထွေထွေဖွဲ့စည်းပုံ | ... | ၁၈ |
| ၆။ | အခန်း (၆) | ပါတီဝင်ဖြစ်မှုနှင့် မြို့နယ်အဖွဲ့များ | ... | ၂၁ |
| ၇။ | အခန်း (၇) | ပြည်နယ်/တိုင်းဒေသကြီးအဖွဲ့များ | ... | ၂၅ |
| ၈။ | အခန်း (၈) | ပါတီဗဟိုဖွဲ့စည်းတည်ဆောက်မှု | ... | ၂၈ |
| ၉။ | အခန်း (၉) | ဘဏ္ဍာရေး ကော်မတီ | ... | ၃၂ |
| ၁၀။ | အခန်း (၁၀) | ဗဟိုဥပဒေရေးရာကော်မရှင်၊ စည်းကမ်းထိန်းသိမ်းရေးနှင့် စေ့စပ်ဖြေရှင်းရေးအဖွဲ့ | ... | ၃၄ |
| ၁၁။ | အခန်း (၁၁) | အခြားအဖွဲ့အစည်းများနှင့်ဆက်သွယ်ဆောင်ရွက်ခြင်း | ... | ၃၆ |
| ၁၂။ | အခန်း (၁၂) | အထွေထွေစည်းကမ်းချက်များ | ... | ၃၇ |

# ပြည်သူ့ရှေ့ဆောင်ပါတီ

## ဖွဲ့စည်းပုံစည်းမျဉ်း

### နိဒါန်း

ကျွန်ုပ်တို့ ပြည်သူ့ရှေ့ဆောင်ပါတီ အဖွဲ့ဝင်များ (နောက်ပိုင်းတွင် ပါတီဟူ၍သာ ဖော်ပြသွားပါမည်) သည် ကျွန်ုပ်တို့၏ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများနှင့် နိုင်ငံအတွင်း အတည်တကျနေထိုင်ကြသူများ (နောင်တွင် "ကျွန်ုပ်တို့ ပြည်သူလူထု" ဟူ၍သာ ဖော်ပြသွားပါမည်) ၏ အခွင့်အလမ်းများနှင့် စွမ်းဆောင်နိုင်မှုများကို အားပေး မြှင့်တင်နိုင်မည့် တရားမျှတသော လူ့ဘောင်အဖွဲ့အစည်းနှင့် ဒီမိုကရေစီ ဖယ်ဒရယ်ပြည်ထောင်စုကို တည်ဆောက် နိုင်ရန် ကြိုးပမ်းသွားကြမည်။ ဤသို့တည်ဆောက်ရာတွင် မိမိတို့၏ ဇာတိ၊ ဒေသ၊ လူမျိုး၊ ပတ်ဝန်းကျင်၊ အဆင့် အတန်းနှင့် ပတ်သက်ဆက်နွယ်မှုအပေါ် အခြေမခံဘဲ ပြည်သူပြည်သားတစ်ဦးချင်းစီ၏ ယုံကြည်ချက်၊ သန္နိဋ္ဌာန်၊ ကြိုးစားအားထုတ်မှုနှင့် တီထွင်ဖန်တီးမှုအလျောက် ကြီးပွားတိုးတက်နိုင်သည့် စနစ်တစ်ရပ် ပေါ်ထွန်းလာရန် ဖွဲ့စည်း တည်ဆောက် သွားမည်ဖြစ်သည်။ ဤနည်းဖြင့် ကျွန်ုပ်တို့ လူ့အဖွဲ့အစည်း တစ်ရပ်တည်ဆောက်ရာ၌ ပြည်သူ ပြည်သား တစ်ဦးချင်းစီတိုင်း အသင့်တော်ဆုံး အခန်းကဏ္ဍတွင် ပါဝင်နိုင်စေရန် အားပေးကူညီသွားမည် ဖြစ်သည်။ ပါတီ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအတွက် ဤဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ ကြိုးပမ်းသွားကြမည်။

## အခန်း (၁)
## ပါတီအမည်နှင့် ပါတီအလံ

၁။ **အမည်။** ပါတီ၏အမည်ကို "ပြည်သူ့ရှေ့ဆောင်ပါတီ" (People's Pioneer Party) ဟုခေါ်တွင် စေရမည်။ ပြည်သူများကို အခြေပြုပြီး ပြည်သူ့ဘဝတိုးတက်ရန်အတွက် ပြည်သူများနှင့်အတူ လက်တွဲဆောင်ရွက် သွားရန် ရည်ရွယ်ပါသည်။

၂။ **အလံ။** ပါတီ၏ အလံသည် ပါတီ၏ အမှတ်အသားလည်းဖြစ်ပြီး အောက်တွင်ဖော်ပြထားသည့် အတိုင်း ဖြစ်သည်။ ပြည်သူ့ရှေ့ဆောင်ပါတီ "People's Pioneer Party" (PPP) အလံ၏ အောက်ခံအပြာရောင် သည် ငြိမ်းချမ်းခြင်းနှင့် တည်ငြိမ်အေးချမ်းခြင်းတို့ကို ရည်ညွှန်းပါသည်။ ပါတီအလံတွင် ပါရှိသော အဖြူရောင် PPP သုံးလုံးသည် "People's Pioneer Party" ၏ ရှေ့စာလုံးများဖြစ်ပြီး အဖြူရောင်သည် ဖြူစင်ရိုးသားခြင်း၊ သန့်ရှင်း စင်ကြယ်ခြင်းတို့ကို ညွှန်းဆိုပါသည်။ PPP သုံးလုံး၏ အနေအထားသည် ရှေ့ဆောင်ခြင်း၊ တိုးတက်ခြင်းနှင့် အကောင်းဘက် ရှုမြင်ခြင်းတို့ကို ရည်ရွယ်ပါသည်။




ပါတီ၏အလံ ပုံစံ

၃။ တံဆိပ်။ ပါတီ၏ စည်းတံဆိပ်တုံးများမှာ အောက်ပါအတိုင်းဖြစ်သည်။




ပါတီ၏ စည်းတံဆိပ်တုံး ပုံစံများ

## အခန်း (၂)

## ရည်ရွယ်ချက်နှင့် တန်ဖိုးစံများ

၄။ **ရည်ရွယ်ချက်။** နိုင်ငံတော်တည်ဆောက်ရာတွင် အရည်အချင်းရှိသော နိုင်ငံသားများ ပါဝင်စေခြင်းဖြင့် ငြိမ်းချမ်းသာယာဝပြောသော ဖယ်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကြီး ဖြစ်ပေါ်လာစေရန်။

၅။ **ရေရှည်မျှော်မှန်းချက်။** ကျွန်ုပ်တို့၏ ရေရှည်မျှော်မှန်းချက်မှာ မည်သည့် မြန်မာနိုင်ငံသား မဆို မိမိနှင့် မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်၊ ဆန္ဒများနှင့်အညီ ဖော်ဆောင်နိုင်မည့် နိုင်ငံတော် တည်ဆောက်ရန်ဖြစ်သည်။

၆။ **ရပ်တည်ချက်။** ပါတီ၏ရပ်တည်ချက်မှာ နိုင်ငံသားတိုင်းအတွက် သာတူညီမျှသော အခွင့်အလမ်း များကို ဖော်ထုတ်၍ ၎င်းတို့၏ ပင်ကိုယ်အရည်အချင်း၊ တီထွင်ဉာဏ်နှင့် စွမ်းရည်အား အကောင်းဆုံး အသုံးချနိုင်သော အခွင့်အရေးပြည့်ဝသည့် လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်ရန် ဖြစ်သည်။

၇။ **တန်ဖိုးစံများ**

(က) ကျွန်ုပ်တို့သည် လွတ်လပ်မှု၊ တရားမျှတမှု၊ သာတူညီမျှမှု၊ ကွဲပြားစုံလင်မှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှု စသည့် တန်ဖိုးစံများကို မြှင့်တင်သွားရန် သန္နိဋ္ဌာန် ချထားပြီးဖြစ်သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ကွဲပြားစုံလင်သော လူမျိုးစုများ၊ ဘာသာတရားများ၊ ယဉ်ကျေးမှုများ ပေါင်းစည်းထားသည့် ပြည်ထောင်စု တစ်ခုဖြစ်သည့် အလျောက် မြန်မာပြည်သူလူထု၏ ကောင်းကျိုး ချမ်းသာကို ဆောင်ကြဉ်းပေးနိုင်ရန် အဆိုပါတန်ဖိုးစံများကို ဦးထိပ်ပန်ဆင် ထိန်းသိမ်းစောင့်ရှောက်မည်ဟု ခိုင်မာစွာယုံကြည်ပါသည်။

(ခ) လွတ်လပ်မှုဟူသည် လူတိုင်း ကျင့်သုံးနိုင်သော အခြေခံလူ့အခွင့်အရေး တစ်ရပ်ဖြစ်သည်။ ကျွန်ုပ်တို့ နိုင်ငံသူနိုင်ငံသားများသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုပိုင်ခွင့်ရှိရမည်။ ကျွန်ုပ်တို့ နိုင်ငံသူနိုင်ငံသားများ အနေဖြင့် မိမိတို့၏ အနာဂတ် ဘဝရည်မှန်းချက်များကို ကိုယ်တိုင်အပြည့်အဝ ဖန်တီးပိုင်ခွင့်ရှိရမည်။ ကျွန်ုပ်တို့ နိုင်ငံသူနိုင်ငံသားတစ်ဦးချင်းစီတိုင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပြဋ္ဌာန်းသို့မဟုတ် တည်ဆဲဥပဒေများနှင့် ဆန့်ကျင်မှုမရှိသော ကိုယ်ပိုင်လွတ်လပ်ခွင့်ကို အပြင့်မားဆုံး ပိုင်ဆိုင်ခွင့်ရှိရမည်။ ကျွန်ုပ်တို့ ပါတီဝင်များအနေနှင့်လည်း ပါတီ၏ ဖွဲ့စည်းပုံစည်းမျဉ်းနှင့် မဆန့်ကျင်သော ကိုယ်ပိုင်လွတ်လပ်ခွင့်ကို အမြင့်မားဆုံး ပိုင်ဆိုင်ခွင့်ရှိရမည်။

(ဂ) သာတူညီမျှမှုသည် ကျွန်ုပ်တို့ပါတီ၏ အခြေခံ အုတ်မြစ်တစ်ရပ် ဖြစ်ပေသည်။ သာတူညီမျှမှု၏ အခြေခံယူဆချက်မှာ နိုင်ငံသူနိုင်ငံသားတိုင်းသည် အောင်မြင်မှုအတိုင်းအတာတစ်ခု ရောက်ရန်အတွက် ကွဲပြားခြားနားသော အရင်းအမြစ်များ လိုအပ်ခြင်းဖြစ်သည်။ သာတူညီမျှခြင်းရှိမှသာလျှင် အလွှာအသီးသီးမှ လူများသည် ၎င်းတို့အတွက် အကောင်းဆုံးသော အလားအလာကို ဖန်တီးနိုင်ရန် သင့်လျော်သော အရင်းအမြစ်များကို ရယူနိုင်ခွင့် ရှိစေမည်ဟု ယုံကြည်ပါသည်။

(ဃ) ကွဲပြားစုံလင်မှုကို ကျွန်ုပ်တို့ ပါတီအနေနှင့် တန်ဖိုးစံအဖြစ် အလေးအနက်ခံယူပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း ကွဲပြားစုံလင်သော လူမျိုးစုများ၊ ဘာသာစကားများ၊ ယဉ်ကျေးမှုများ၊ ဓလေ့ထုံးတမ်းအစဉ်အလာများနှင့် ကိုးကွယ်ယုံကြည်မှုများသည် တန်ဖိုးအကြီးဆုံးသော ကွဲပြားစုံလင်သည့် အမွေအနှစ် ဖြစ်သည်ဟု အလေးအနက်ယုံကြည်သည်။ နိုင်ငံသူနိုင်ငံသားတိုင်း၏ ရည်ရွယ်ချက်မျှော်မှန်းချက်များကို မည်သူတစ်ဦး တစ်ယောက်ကမျှ လွှမ်းမိုးဖိနှိပ်ခြင်း၊ ခွဲခြားဆက်ဆံခြင်း အလျင်း မရှိစေဘဲ လွတ်လပ်စွာ အကောင်အထည် ဖော်ခွင့်ရှိရမည်ဟု ယုံကြည်သည်။ ပါတီ၏ အလွှာ အသီးသီးတွင် ကွဲပြားစုံလင်မှုကို အစဉ်တစိုက် ခွင့်တူညီမျှစနစ်ဖြင့် ဖော်ဆောင်သွားမည်။

(င) ကျွန်ုပ်တို့ပါတီသည် မျှတမှုကို တန်ဖိုးစံတစ်ရပ် အဖြစ်ယုံကြည်ပေသည်။ မျှတသော လူ့အဖွဲ့အစည်းတစ်ရပ်ဆိုသည်မှာ ထိုအဖွဲ့အစည်းအတွင်းရှိသူများကို ၎င်းတို့၏ မွေးဖွားရာဒေသ၊ ကျား - မ ခံယူချက်၊ ပတ်ဝန်းကျင်၊ နောက်ခံအခြေအနေကြောင့် မဟုတ်ဘဲ ၎င်းတို့၏ ရွေးချယ်မှု၊ ကြိုးစားအားထုတ်မှု၊ တီထွင်ဖန်တီးမှုများ ဖြင့်သာ အောင်မြင်နိုင်သော လူ့အဖွဲ့အစည်းဖြစ်ရမည်။ လူတိုင်းပါဝင်သော တိုးတက်ကြီးပွားမှုနှင့် ရေရှည်တည်တံ့သော စီးပွားရေးစနစ် ဖြစ်ပေါ်လာစေရန်အတွက် အခွင့်အလမ်းများဖော်ထုတ်ပြီး ခွဲခြားဆက်ဆံမှု၊ ဖိနှိပ်မှု၊ မညီမျှမှုများ မရှိစေဘဲ မျှတသော အခွင့်အလမ်းများကို နိုင်ငံသားတစ်ဦးချင်းစီ၏ အရည်အချင်းများ အလျောက် ခံစားပိုင်ခွင့်ရှိသော လူ့ဘောင်အဖွဲ့အစည်း တစ်ရပ်ဖြစ်လာစေရန် ကြိုးပမ်းအားထုတ်မည်။ နိုင်ငံသားတိုင်းသည် တရားမျှတသော ဥပဒေအကာအကွယ်ကို တန်းတူ ခံစားပိုင် ခွင့်ရှိရမည်။

(စ) ကျွန်ုပ်တို့ပါတီနှင့် ပါတီ၏ ရွေးကောက်ခံကိုယ်စားလှယ်များသည် ကျွန်ုပ်တို့ ပြည်သူလူထု၏ အကျိုးစီးပွားကို ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ပြည်သူလူထုက ထည့်ဝင်သော အခွန်အခ၊ စုပေါင်းပိုင်ဆိုင်သော သယံဇာတနှင့် အကျိုးစီးပွားများ အတွက် တာဝန်ယူမှု၊ တာဝန်ခံမှု ရှိရှိ အသုံးပြုသွားရပါမည်။ ကျွန်ုပ်တို့ ပြည်သူလူထု၏ အကျိုးစီးပွားအတွက် အရည်အချင်းရှိပြီး ကျွမ်းကျင်သော ကိုယ်စားလှယ်များကို လူမှန်နေရာမှန်ထား၍ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိသည့် စနစ်ကို တည်ထောင်သွားမည်။ ကျွန်ုပ်တို့ပါတီမှ ရွေးကောက်ခံ ကိုယ်စားလှယ်များသည် ကျွန်ုပ်တို့ပါတီ၏ ရွေးကောက်ပွဲ ကတိကဝတ် များကို အစဉ်အမြဲ ရိုးသားပွင့်လင်းမြင်သာစွာဖြင့် အကောင်အထည် ဖော်ဆောင် ရွက်သွားမည်။

## အခန်း (၃)

## ပါတီဌာနချုပ်တည်နေရာနှင့် ပါတီစည်းရုံးရေးနယ်နိမိတ်

၈။ **ပါတီဌာနချုပ်တည်နေရာ။** ပြည်သူ့ရှေ့ဆောင်ပါတီ၏ ဌာနချုပ်တည်နေရာသည်အမှတ် ၁၀/ဘီ ကမ္ဘာ့ဗလတာဝါ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ တွင်ဖြစ်သည်။

၉။ **ပါတီ၏စည်းရုံးရေးနယ်နိမိတ်။** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့်နှင့်တိုင်းဒေသကြီးအဆင့် မဲဆန္ဒနယ်မြေများတွင်နိုင်ငံရေးလှုပ်ရှားမှုများ ဆောင်ရွက်ရန်နှင့် ရွေးကောက်ပွဲများဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ရည်ရွယ်ပါသည်။

## အခန်း (၄)

## ပါတီ၏ အခြေခံမူဝါဒများ၊ ဖွဲ့စည်းပုံဆိုင်ရာပြဋ္ဌာန်းချက်များ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၀။ **နိုင်ငံရေးကဏ္ဍ**

(က) ကွဲပြားစုံလင်မှုနှင့် တိုင်းရင်းသားများ ကိုယ်စားပြုမှုကို အားပေးသည့် အချိုးကျရွေးကောက်ပွဲစနစ်၊ ဒီမိုကရေစီတိုးတက်မှုကို ဖြစ်ထွန်းစေမည့် ဒေသန္တရ အုပ်ချုပ်ရေးစနစ်နှင့် သွက်လက်လျှင်မြန်ပြီး စွမ်းဆောင်ရည်အပြည့်ရှိသော ဗဟိုအစိုးရအဖွဲ့စနစ် ထွန်းကားရေး။ (စနစ်သုံးရပ်)

(ခ) တိုင်းပြုပြည်ပြု လုပ်ငန်းစဉ်များဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်ကြီးသုံးရပ် အကြား၊ အစိုးရဌာနများနှင့် ပြည်နယ်/တိုင်းဒေသကြီးများ၏ ဒေသန္တရအဖွဲ့များအကြား၊ အရပ်ဖက်နှင့် စစ်ဖက် တာဝန်ရှိသူများအကြား ကောင်းမွန်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေး။ (ကြားသုံးကြား)

(ဂ) ကမ္ဘာ့အလယ် မြန်မာ့ဂုဏ်သိက္ခာ ပြန်လည်မြင့်မားလာစေရေးအတွက် အမျိုးသား ပြန်လည်သင့်မြတ်ရေး မူဝါဒချမှတ်ရေးအတွက် လက်စားမချေရေး၊ သင်ပုန်းချေရေးနှင့် နိုင်ငံတကာ စွပ်စွဲပြောဆိုမှုများကို ထိရောက်စွာ ချေပရေး လုပ်ငန်းစဉ်များဖြင့် အကောင်အထည်ဖော်နိုင်ရေး။ (ချေသုံးချေ)

(ဃ) လူငယ်၊ အမျိုးသမီး နှင့် လူနည်းစုအုပ်စုများ နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ဦးဆောင်ပါဝင်နိုင်ရေးကို ထိရောက်စွာ ဖော်ထုတ်ရေး။ (လူသုံးလူ)

(င) နိုင်ငံရေးပါတီ အစုအဖွဲ့များ၊ လူထုအခြေပြု အရပ်ဖက်အဖွဲ့အစည်းများနှင့် ပုဂ္ဂလိက အသင်းအဖွဲ့များ အားကောင်းရေးဆိုင်ရာ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအကြား ကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များချမှတ်နိုင်ရေး။ (ဖွဲ့သုံးဖွဲ့)

(စ) ကျင့်ဝတ်စည်းကမ်းနှင့် အညီ လွတ်လပ်စွာ ဆောင်ရွက်သော မီဒီယာများ၏ အခန်းကဏ္ဍကို မြှင့်တင်သွားရေး။

၁၁။ **စီးပွားရေးကဏ္ဍ**

(က) ပုဂ္ဂလိက ကဏ္ဍ ဦးဆောင်မှုဖြင့် ဈေးကွက် စီးပွားရေး မှန်ကန်မြန်ဆန်စွာ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်မှ ဦးဆောင် အကောင်အထည်ဖော်ရေး။

(ခ) လုပ်အားအခြေပြု စက်မှုစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးရေးနှင့် ရွှေ့ပြောင်း အလုပ်လုပ်ကိုင်မှုဆိုင်ရာ မူဝါဒများ ဖော်ထုတ်ရေး။

(ဂ) ပို့ကုန်မြှင့်တင်ရေး၊ အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှု သဘောတူညီမှုများရရှိရေးနှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု အခြေခံများ တည်ဆောက်ရေး။

(ဃ) ပြည်သူ့ဘဝတိုးတက်ရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ် လိုအပ်လျက်ရှိသော အခြေခံအဆောက်အဦးများ (လျှပ်စစ်မီး၊ ရေ၊ လမ်းနှင့် အရည်အသွေးစစ်ဆေးခြင်းဆိုင်ရာဓာတ်ခွဲခန်းများ) ကို အမြန်ဆုံး တည်ဆောက်ပြုပြင် ထိန်းသိမ်း မြှင့်တင်ရေး။

(င) အခွန်အခများကို မျှတစွာ ကောက်ခံရရှိပြီး နိုင်ငံတော် ဘတ်ဂျက် သုံးစွဲရေး တွင် အကျိုးရှိရှိ ထိထိရောက်ရောက် သုံးစွဲနိုင်ရေး။

၁၂။ **ပညာရေးကဏ္ဍ**

(က) မြန်မာ့ကလေးငယ်များအားလုံး ၁၂ တန်း ပြီးမြောက်အောင် ပညာသင်ကြားနိုင်ရေးအတွက် ဘောင်ချာစနစ် ကျင့်သုံးခြင်း၊ စရိတ်သက်သာသော ပုဂ္ဂလိက ကျောင်းများ တည်ထောင်ခွင့်ပြုခြင်း၊ အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် ကျောင်းများတည်ထောင်ခြင်းနှင့် အခြားသော နည်းလမ်းများဖြင့် အောင်မြင်နေသော ပုံစံမျိုးစုံဖြင့် သာတူညီမျှသော ပညာရေး ရရှိနိုင်ရန် ငွေရေးကြေးရေး ပံ့ပိုးခြင်း မဟာဗျူဟာများဖြင့် ဆောင်ရွက်သွားရေး။

ထို့အပြင် အစိုးရကျောင်းများရှိ ဆရာ/ဆရာမများအား အထူးမွမ်းမံသင်တန်းပေးခြင်း အစီအစဉ်များဖြင့် သင်ရိုးညွှန်းတန်းအသစ်ကို သင်ကြားနိုင်ရုံသာမက အခြားနိုင်ငံများတွင် အောင်မြင်နေသော အကောင်းဆုံး သင်ကြားနည်းစနစ်များကို လေ့ကျင့် သင်ကြားပေးပြီး အရည်အသွေးမြှင့် ဆရာ/ဆရာမများ နိုင်ငံနှင့်အဝန်း မွေးထုတ်နိုင်ရေး။

(ခ) ပညာရေးဝန်ကြီးဌာနအနေနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ချို့တဲ့၍ ပညာသင်စရိတ် မတတ်နိုင်သော ကလေးများကို ပညာသင်ကြားပေးခြင်း အစီအစဉ်များ ဆောင်ရွက်ပေးခြင်းအားဖြင့် မိဘများမှ ၎င်းတို့၏ သားသမီးများအား ကျောင်းသို့ မလွှတ်ပဲ အလုပ်ခိုင်းစေခြင်း ကင်းဝေးစေရေး။

(ဂ) ကျောင်းနှင့် လုပ်ငန်းခွင် ပူးပေါင်းဆောင်ရွက်ခြင်းကို အားကောင်းစေခြင်းအားဖြင့် အသက်မွေးဝမ်းကျောင်း ပညာရေးကို မြှင့်တင်မည်။ သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများ၏ လူ့စွမ်းအားအရင်းအမြစ် လိုအပ်ချက်ကို ဖြည့်ဆည်းရန် စီးပွားရေးလုပ်ငန်းများမှ ပညာသင်စရိတ် ထောက်ပံ့ခြင်းအားဖြင့် လူမှုရေးတာဝန် ယူခြင်းများကို မြှင့်တင်မည်။ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် လုပ်ငန်းခွင်မှ လိုအပ်နေသော ကျွမ်းကျင်မှု အတတ်ပညာကို သက်မွေးပညာသင်တန်းကျောင်း များမှ မွေးထုတ်ပေးနိုင်ရေး။

(ဃ) အစိုးရတက္ကသိုလ်များ၊ ပုဂ္ဂလိက တက္ကသိုလ်များ ပါဝင်သည့် ရှေ့နောက်ညီညွတ်သော၊ တစ်စုတည်းသော အဆင့်မြင့် ပညာရေးကဏ္ဍ ပြုပြင် ပြောင်းလဲခြင်း

မဟာဗျူဟာကိုဆောင်ရွက်သွားမည်။ ဤမဟာဗျူဟာအားဖြင့် ပြည်တွင်းပညာရေး အဖွဲ့အစည်းများနှင့် နိုင်ငံတကာ ပညာရေးအဖွဲ့အစည်းများ အကြား ပူးပေါင်း ဆောင်ရွက်ခြင်းကို မြှင့်တင်နိုင်ရေး။

(င) ပုဂ္ဂလိက ပညာသင်ကျောင်းများ၊ အထူးသဖြင့် အကျိုးအမြတ်မယူသော ကျောင်းများကို မြေအသုံးချခွင့်ပေးခြင်း၊ အစိုးရမှ သက်သာသောနှုန်းထားဖြင့် ချေးငွေ ပေးခြင်း၊ နိုင်ငံတကာမှ ထောက်ပံ့ငွေများ အသုံးပြုခွင့်ပေးခြင်း၊ အခွန်လျှော့ပေါ့ခြင်း စသည့် မက်လုံးပေးဆွဲဆောင်သော ယန္တရားများ တည်ဆောက်၍ အားပေး မြေတောင်မြှောက်သွားမည်။ အစိုးရ တက္ကသိုလ်များတွင် ကိုယ်ပိုင် စီမံခန့်ခွဲနိုင်မှု စွမ်းရည်မြှင့် သင်တန်းများပေးပြီး ၎င်းတက္ကသိုလ်များကို ကိုယ်ပိုင်စီမံ အုပ်ချုပ်ပိုင်ခွင့် တဆင့်ချင်း တိုးမြှင့်ပေးနိုင်ရေး။

၁၃။ **ကျန်းမာရေးကဏ္ဍ**

(က) ကျန်းမာရေး ကြိုတင်ကာကွယ်စောင့်ရှောက်မှု လုပ်ငန်းများဖြစ်သည့် ကာကွယ် ဆေးထိုးနှံခြင်း၊ တိုက်ကျွေးခြင်း၊ လူနေမှုပတ်ဝန်းကျင်တွင် ရောဂါဘယထူပြော စေသည့် ခြင်၊ ယင် အန္တရာယ်များကိုနှိမ်နင်းခြင်းအစရှိသည့် ကျန်းမာရေး အသိပညာပေးရေး လုပ်ငန်းများကို ကျယ်ကျယ် ပြန့်ပြန့်ဆောင်ရွက်ခြင်းဖြင့် "ကြိုတင်ကာကွယ်ရေးသည်၊ ကုသရေး ထက် ကောင်းမွန်သည်" ဟူသည့် ဆောင်ပုဒ်နှင့် အညီဆောင်ရွက်ရေး။

(ခ) နိုင်ငံအတွင်း ကျန်းမာရေး အဆင့်အတန်းနိမ့်ကျနေခြင်း၊ စောင့်ရှောက်မှု ကုန်ကျစရိတ်မြင့်မားနေခြင်း၊ ကျန်းမာရေးစောင့်ရှောက် ကူညီမှု လက်လှမ်းမမီခြင်း စသည့်စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် အစီအစဉ်များချမှတ် ဆောင်ရွက် ရေး။

(ဂ) ကျန်းမာရေးစောင့်ရှောက်မှု ကုန်ကျစရိတ်များကိုလျှော့ချနိုင်ပြီး အများပြည်သူများ ပြည့်ဝသည့် ကျန်းမာရေး စောင့်ရှောက်မှုကိုခံစားရရှိစေရန်၊ ခေတ်မီကျန်းမာရေး စက်ကိရိယာများ သုံးစွဲနိုင်ရေး၊ ကုသမှုလုပ်ငန်းများကို ပါဝင်ဆောင်ရွက်နေသည့် ဆရာဝန်များ၊ သူနာပြုများ၊ အခြားကျွမ်းကျင် ဝန်ထမ်းများ၏ အရည်အချင်းနှင့် အရေအတွက်ကို တိုးတက်မြင့်မားစေရန် ဆောင်ရွက်ရေး။

၁၄။ **လူမှုရေးကဏ္ဍ**

(က) ခေတ်မီသတင်းအချက်အလက် နည်းပညာများကို အသုံးပြု၍ လူမှုခွန်အား ပြန်လည် ဖြည့်တင်း နိုင်မည့် ပညာပေးမှု၊ ဆွေးနွေးမှု အစီအစဉ်များ ချမှတ်ရေး။

(ခ) ပင်စင်စား အငြိမ်းစားများ၊ လူမှုဖူလုံရေး အာမခံစနစ်ဝင် အလုပ်သမားနှင့် ဝန်ထမ်းများ၊ မသန်စွမ်းနှင့် ထိခိုက်နစ်နာလွယ်သူများကို အကာအကွယ်ပေးနိုင်မည့် ဝန်ဆောင်မှု လုပ်ငန်းများ ဖော်ဆောင်ရေး၊ ကွဲပြားစုံလင်မှုစံများနှင့် လူနည်းစု အခွင့်အရေးများကို အကာအကွယ်ပေးလျက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များကို စနစ်တကျ အကောင်အထည်ဖော်နိုင်ရေး။

(ဂ) သဘာဝဘေးအန္တရာယ်များ၊ လူမှုလုံခြုံရေး လစ်ဟာမှုများ၊ စီးပွားရေး အခွင့်အလမ်း မညီမျှမှု ပြဿနာများကို ကာကွယ်စောင့်ရှောက် တည့်မတ်ပေးရေး။

(ဃ) နိုင်ငံအတွင်း လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့် အခွင့်အရေးများကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်လျက် နိုင်ငံတကာမျက်နှာစာတွင် နိုင်ငံတော်၏ ဂုဏ်သိက္ခာ ပြန်လည်မြှင့်တင်နိုင်ရေး။

၁၅။ **ငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားရေးကဏ္ဍ**

(က) ပြည်သူ့ဗဟိုပြု ပဋိပက္ခလွန် ဖွံ့ဖြိုးရေးမှသည် ရေရှည်တည်တံ့မည့် ငြိမ်းချမ်းမှု တည်ဆောက်ရေး။

(ခ) တိုင်းရင်းသား၊ ဘာသာစကား ယဉ်ကျေးမှု၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များကို အားပေးလျက် ဗဟိုဦးစီးစနစ် ဖြေလျှော့ရေးကို ဖယ်ဒရယ်မှုနှင့် ချိန်ဆ ဆောင်ရွက်ရေး။

(ဂ) အပစ်အခတ်ရပ်စဲရေးနှင့် လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ အတွက် တိကျ ခိုင်မာသော၊ အာမခံချက် အပြည့်အဝရှိသည့် တပ်ဖွဲ့ဝင်များ ဘဝ လုံခြုံမှု၊ ရပ်ရွာ သာယာဝပြောမှုနှင့် ဒေသများ အုပ်စုများ အကြား ကူးလူးဆက်ဆံမှုများ မှတဆင့် ပြည်ထောင်စုတဝန်းလုံး ငြိမ်းချမ်းသာယာရေး။

၁၆။ **သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကဏ္ဍ**

(က) သဘာဝဘေးအန္တရာယ်ကျရောက်ခြင်းများကြောင့် ပေါ်ပေါက်လာမည့် ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုဘဝပြောင်းလဲစိန်ခေါ်မှုများ ရင်ဆိုင်ရာတွင် အသင့်ဖြစ်စေရန် တိုင်းပြည်၏ အသက်သွေးကြော ဖြစ်သော ရေနှင့်သစ်ပင်၊ သစ်တော အပါအဝင် သဘာဝသယံဇာတအား ထိရောက်စွာ စီမံခန့်ခွဲနိုင်မည့် မူဝါဒများ ချမှတ်ရေး။

(ခ) ရာသီဥတုပြောင်းလဲခြင်းကြောင့် အရေးပေါ် ကြုံလာနိုင်သည့် အခြေအနေများတွင် ပြည်သူများ ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် သင့်လျော်သော ငွေကြေးဆိုင်ရာမူဝါဒများ၊ လူမှုဖူလုံရေးမူဝါဒများ၊ ဥပဒေစည်းကမ်းမူဘောင်များ အသက်ဝင်စေရေး၊ အင်စတီကျူးရှင်းများ အားကောင်းခိုင်မာလာရေး၊ ရာသီဥတုအပြောင်းအလဲနှင့် ရင်ဆိုင်ရာတွင် မိမိနိုင်ငံအတွက် လိုအပ်သော သိပ္ပံဆိုင်ရာတိုးတက်မှုများ အားကောင်းလာစေရေး။

(ဂ) ရာသီဥတုပြောင်းလဲခြင်းဒဏ်ကို အဆိုးဆုံးခံစားရလေ့ရှိသည့် ထိခိုက်လွယ်သော ပြည်သူများ၊ အခြေခံလူတန်းစားများနှင့် မြေယာမဲ့များ၏ အကျိုးခံစားခွင့်ကို အသေအချာ ထည့်သွင်းစဉ်းစားသော "အားလုံးအတူဖွံ့ဖြိုးရေးမူ" ဖြင့် ရာသီဥတု ပြောင်းလဲမှုဒဏ်ကို ကောင်းစွာတန်ပြန်နိုင်သော အမြော်အမြင် ရှိသည့် မူများဖြင့် ဆောင်ရွက်ရေး။

(ဃ) ရာသီဥတုပြောင်းလဲခြင်းကြောင့် အထိနာခြင်းမှကာကွယ်နိုင်ရန်အတွက် လိုအပ်သော ရေ၊ မြေနှင့် လေ အရည်သွေးထိန်းသိမ်းမှုများကို အရေးကြုံလျှင် ကြုံသလို ဆောင်ရွက်မည်မဟုတ်ဘဲ အနာဂတ်မျိုးဆက်များ အတွက်ပါ ထည့်သွင်းစဉ်းစားသော ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒများကို ချမှတ်အကောင်အထည်ဖော်ရေး။

(င) စွန့်ပစ် ပလတ်စတစ် အမှိုက်များကို ပြန်လည်သုံးစွဲခြင်း၊ လျှော့ပေါ့သုံးစွဲခြင်း၊ ပြန်လည် အသွင်ပြောင်းသုံးစွဲခြင်း နည်းလမ်းများဖြင့် စီးပွားရေးအရ တွက်ချေကိုက်ပြီး ပတ်ဝန်းကျင်ကို မထိခိုက်သော အမယ်များကို အစားထိုး သုံးစွဲနိုင်ရေး။

၁၇။ **လူငယ်ကဏ္ဍ**

(က) လူငယ်များ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးနယ်ပယ်အသီးသီးတွင် ပါဝင်ဆောင်ရွက်ခွင့်ကို အားပေးဖော်ဆောင်နိုင်ရန် လူငယ်ဆိုင်ရာခေါင်းဆောင်မှု သင်တန်းများ၊ နိုင်ငံတကာ လူငယ် နီးနှောဖလှယ်ပွဲများကို ကျင်းပဆောင်ရွက်ရေး။

(ခ) အလုပ်လက်မဲ့ ပညာတတ်လူငယ်များ၊ ပညာရည်နိမ့်ပါးသည့်လူငယ်များကို မိမိတို့၏ စွမ်းဆောင်နိုင်ရည်အလျောက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးလျက် စွမ်းရည်မြှင့်သင်တန်းများ၊ ပညာပေးအစီအစဉ်များနှင့် အလုပ်သင်အစီအစဉ်များကို အားပေးကူညီရေး။

(ဂ) လူငယ်များအကြား မူးယစ်ဆေးဝါးသုံးစွဲမှု၊ အမုန်းတရားပြန့်ပွားမှု၊ တရားမဝင် စီးပွားရေးလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်နေရမှု၊ လူကုန်ကူးခံရမှုနှင့် လုပ်အား ခေါင်းပုံဖြတ်ခံရမှုများ လျော့နည်းစေမည့် ထိရောက်သော လုပ်ငန်းစဉ်များကို ချမှတ် ဆောင်ရွက်ရေး။

၁၈။ **အမျိုးသမီးရေးကဏ္ဍ**

(က) အမျိုးသမီးများ၏ အခွင့်အရေး တန်းတူညီမျှမှု၊ လူမှုစီးပွားဖွံ့ဖြိုးမှုနှင့် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ လုံခြုံမှု တို့အတွက် လက်တွေ့ကျသော လုပ်ငန်းစဉ်များ ချမှတ်ရေး။

(ခ) အဆင့်မြင့်ပညာရေး၊ အစိုးရဌာနများတွင် ရာထူးတိုးမြှင့်ရေး၊ ရွှေ့ပြောင်းရေး အပါ အဝင် ကိစ္စအရပ်ရပ်တွင် ကျား/မဆိုင်ရာ အလုပ်ခွဲခြားလုပ်ကိုင်မှု မရှိစေပဲ နယ်ပယ် အသီးသီးတွင် အမျိုးသမီးများ ပါဝင်နိုင်ရေး။

(ဂ) အမျိုးသမီးများ ခွဲခြားဆက်ဆံခံရမှုနှင့် အကြမ်းဖက်ခံရမှုများ လျော့နည်းကျဆင်းရေးကို တရားဥပဒေ စိုးမိုးရေးရှုထောင့် သာမက ပညာရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု ရှုထောင့်များကပါ ဘက်စုံကာကွယ်ရေး။

၁၉။ **ကလေးသူငယ်ရေးကဏ္ဍ**

(က) ရေရှည်အရွယ်ကလေးသူငယ်များ ပြုစုပျိုးထောင်ရေး၊ ငါးနှစ်အောက်ကလေးများ သေဆုံးမှုလျော့နည်းရေး၊ မိခင်နှင့် ကလေး ကျန်းမာရေး၊ ကလေးငယ်များအားလုံး မူလတန်းပညာ အောင်မြင်စွာပြီးဆုံးနိုင်ရေး တို့အတွက် လုပ်ငန်းစဉ်များကို ထိရောက် အောင်မြင်စွာ ဆောင်ရွက်ရေး။

(ခ) ကလေးသူငယ်များ၏ ဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးရေးအတွက် အရွယ်မရောက်သေးသည့် ကလေးများအား လိင်ပိုင်းဆိုင်ရာ ထိပါးမှု၊ ကလေးလုပ်သား၊ မိဘမဲ့နှင့် လမ်းပေါ်နေကလေးကိစ္စအရပ်ရပ်တို့အား ထိရောက်သော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းစဉ်များချမှတ် ကာကွယ် ဆောင်ရွက်ရေး။

(ဂ) ကလေးသူငယ်များ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ပြည်သူ့ဘဏ္ဍာငွေ ဘတ်ဂျက်များ၊ နိုင်ငံတကာ အထောက်အပံ့များနှင့် အလှူငွေများတိုးမြှင့် ရရှိနိုင်ရန် တစိုက်မတ်မတ် ဆောင်ရွက်ရေး။

၂၀။ **အလုပ်သမားရေးရာကဏ္ဍ**

(က) နိုင်ငံတော်အတွင်း အလုပ်အကိုင် ဖွံ့ဖြိုးမှုကို ဖြစ်ထွန်းစေမည့် လုပ်အားအခြေပြု စက်မှုကဏ္ဍ တိုးတက်ရေးကို ဖေးမဆောင်ရွက်မည်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများကို ဖော်ထုတ်ပေးနိုင်မည့် ဈေးကွက် စီးပွားရေး မူဝါဒ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေး မူဝါဒ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မူဝါဒ၊ ဝန်ဆောင်မှု စီးပွားရေး မူဝါဒများကို ချမှတ် ဆောင်ရွက်သွားရေး။

(ခ) လုပ်အားဈေးကွက် မှန်ကန်စွာ ပေါ်ထွန်းရေး၊ ဈေးကွက်နှင့် အံဝင်ခွင်ကျ ဖြစ်စေမည့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေး အလုပ်အကိုင်ရှာဖွေရေး အထူးသဖြင့် ပညာတတ် လူငယ်များ လုပ်ငန်းခွင်ဝင်နိုင်ရေးအတွက် အထောက်အကူပြုရေး၊ လုပ်အားစွမ်းရည် မြှင့်တင်ရေးအတွက် လိုအပ်မည့်ကျွမ်းကျင်မှုစံ၊ သင်တန်းနှင့် အလုပ်သင်အစီအစဉ်များကို ထောက်ပံ့ပေးရေး။

(ဂ) အလုပ်သမားများ၏ ကျန်းမာရေး၊ လူမှုရေးနှင့် ဘဝအာမခံချက် ခိုင်မာစေမည့် လူမှုဖူလုံရေးနှင့် လူမှုလုံခြုံရေးစနစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုပ်ငန်းခွင်အန္တရာယ် လျော့ချကာ ခွဲခြားဆက်ဆံမှုများ ပပျောက်စေလျက် ကောင်းမွန်သော ကုန်လုပ်ဆက်ဆံရေးများ ဖြစ်ထွန်းစေရေး။

(ဃ) ပြည်တွင်းနှင့် ပြည်ပ ရွှေ့ပြောင်းအလုပ်လုပ်ကိုင်မှုများအတွက် တိကျခိုင်မာသော မူဝါဒနှင့် လုပ်ငန်းစဉ်များကို ဖော်ဆောင်လျက် ရွှေ့ပြောင်းအလုပ်သမားများ၏ စိတ်ချ

လုံခြုံသော အလုပ်ရရှိမှုနှင့် သွားလာဆောင်ရွက်မှု၊ အလုပ်အကိုင်စာချုပ်နှင့် လုပ်ခလစာ ရရှိမှု၊ စုငွေနှင့် လွှဲငွေများ မှတဆင့် မိသားစုများ၏ ဘဝ လုံခြုံမှုနှင့် ရင်းနှီးမြုပ်နှံမှု၊ နေရပ်သို့ ပြန်လာပြီး ပြန်လည်အခြေချကာ အိုးမကွာ အိမ်မကွာ သာယာလုပသော အနာဂတ်ကို တည်ဆောက်နိုင်ရေး။

(င) အလုပ်သမားသမဂ္ဂများ၊ အလုပ်သမားစုဖွဲ့မှုများကို မြေတောင်မြှောက်ပေးကာ အလုပ်ရှင်၊ အလုပ်သမားနှင့် အစိုးရ သုံးပွင့်ဆိုင် ဆောင်ရွက်မည့် ပူပေါင်းဆောင်ရွက်ရေး လုပ်ငန်းများ၊ နိုင်ငံတကာဈေးကွက်များမှ လိုအပ်တောင်းဆိုသော လုပ်သားစံများ ပြည့်မီရေး။

၂၁။ **တောင်သူလယ်သမားရေးရာကဏ္ဍ**

(က) တောင်သူလယ်သမားများအား ဈေးကွက် ဝယ်လိုအားနှင့်အညီ လွတ်လပ်စွာ သီးနှံစိုက်ပျိုးခွင့်၊ သားငါး မွေးမြူခွင့်ပြုမည်ဖြစ်ပြီး ယင်းတို့၏ ရောင်းလိုအား တိုးမြှင့်လာနိုင်ရေးအတွက် လိုအပ်သော သွင်းအားစု၊ ဈေးငွေ၊ နည်းပညာနှင့် ဈေးကွက်ချိတ်ဆက်ရေး ကိစ္စများကို ကောင်းမွန်စွာ ပံ့ပိုးသွားရေး။

(ခ) တစ်နိုင်ငံလုံးအဆင့် မြေအရင်းအမြစ် စီမံခန့်ခွဲမှုကို ခေတ်နှင့်လျော်ညီစွာ ပြုပြင်ပြောင်းလဲ၍ စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားတိုင်း မြေပိုင်ဆိုင်မှု ခိုင်မာရေး၊ ဈေးကွက်လိုအပ် ချက်နှင့်အညီ မြေ၊ ယာ၊ မွေးမြူရေးအလို့ငှာ ပြောင်းလဲ သုံးစွဲနိုင်ရေးနှင့် တန်ဖိုး ကွင်းဆက်ကြောင်းတလျှောက်တွင် မျှတသော ဈေးနှုန်း ရရှိရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်သွားရေး။

(ဂ) တောင်သူလယ်သမား အများဆုံး ရင်ဆိုင်ကြုံတွေ့နေရသည့် ဈေးနှုန်းတည်ငြိမ်မှု၊ ဈေးကွက် ပြုတ်ကျပျက်စီးမှု၊ သဘာဝဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါ ပြန့်ပွားမှု တို့၏ သက်ရောက်မှုနှင့် ဂယက်များကို အကာအကွယ်ပေးမည့် အာမခံစနစ်၊ ကုန်လှောင်ရုံစနစ်၊ ကြိုတင်စုပေါင်းရောင်းဝယ်ရေးစနစ်များကို ထူထောင်ပေးသွားရေး။

(ဃ) တောင်သူလယ်သမားများအတွက် အထူးလိုအပ်လျက်ရှိသော သတင်းအချက်အလက်၊ မိုးလေဝသနှင့် အရေးပေါ်သတိပေးချက်များ၊ ဈေးနှုန်းနှင့် ဈေးကွက်ဆိုင်ရာ ချိတ်ဆက်မှုများနှင့် အခြားပညာပေး လုပ်ငန်းများကို လွယ်လင့်တကူ ရယူနိုင်မည့် လက်ကိုင်ဖုန်းနှင့် အခြား ဆက်သွယ်ရေးနည်းပညာများကို ကျယ်ပြန့်စွာ ဖြန့်ချိဆောင်ရွက်သွားရေး။

(င) တောင်သူလယ်သမားများ၏ ရပိုင်ခွင့်နှင့် အခွင့်အလမ်းများကို မိမိတို့ကိုယ်တိုင် တောင်းဆို ကာကွယ်သွားနိုင်သည်အထိ စုဖွဲ့မှုနှင့် ရပ်တည်မှုများ ဆောင်ရွက်နိုင်ရန် လိုအပ်သော ပံ့ပိုးမှုများ အပြည့်အဝ ဆောင်ကြဉ်းပေးလျက် ကျေးလက်ဖွံ့ဖြိုးရေး၊ မြို့ပြနှင့် အခြေခံအဆောက်အဦးများ ပေါင်းစည်းချိတ်ဆက်ထူထောင်ရေး တို့ကို စိုက်လိုက်မတ်တတ် ဆောင်ရွက်သွားရေး။

၂၂။ **နိုင်ငံ့ဝန်ထမ်းရေးရာကဏ္ဍ**

(က) လူတော်လူကောင်းဖြစ်စေရေး မူဝါဒနှင့် စွမ်းဆောင်ရည် မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းစဉ်များဖြင့် ပြည်ထောင်စု ရာထူးဝန် အဖွဲ့နှင့် နိုင်ငံ့ဝန်ထမ်းစနစ် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ လုပ်ငန်းစဉ်များ ချမှတ်ရေး။

(ခ) ဝန်ထမ်းလစာ၊ ရာထူးတိုးမြှင့်ခြင်းနှင့် ခံစားခွင့်အဝဝကို လက်ရှိမြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေး အခြေအနေများနှင့် လိုက်လျောညီထွေရှိစေမည့် အဆင့်အတန်းသို့ တိုးမြှင့်သတ်မှတ်ရေး။

(ဂ) နိုင်ငံ့ဝန်ထမ်းများနှင့် ယင်းတို့၏ တာဝန်ထမ်းဆောင်ရာ ဒေသများသို့ လိုက်ပါနေထိုင်မည့် မိသားစုဝင်များ၏ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် နေထိုင်ရေးဆိုင်ရာ လိုအပ်ချက်များကို ပြည့်စုံစွာ ဖြည့်ဆည်းရေး။

၂၃။ **မသန်စွမ်းသူများကဏ္ဍ**

(က) မသန်စွမ်းသူများ အများနှင့်တန်းတူ ပညာသင်ကြားနိုင်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရေး။

(ခ) မသန်စွမ်းသူများ သွားလာမှု လွယ်ကူချောမွေ့စေရန်၊ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝ ရရှိနိုင်ရန်နှင့် နိုင်ငံရေးတွင် တတပ်တအားပါဝင်လာနိုင်စေရေး။

၂၄။ **သဘာဝ သယံဇာတ ထုတ်ယူသုံးစွဲမှုဆိုင်ရာ စီမံအုပ်ချုပ်ရေးကဏ္ဍ**

(က) သဘာဝသယံဇာတကို ဖက်ဒရယ်စနစ်ဖြင့် ခွဲဝေကျင့်သုံးနိုင်ရေးမှုကို ပြဋ္ဌာန်းနိုင်ရန်အတွက် အစိုးရ အဆင့်တိုင်း၏ အခန်းကဏ္ဍနှင့် လုပ်ပိုင်ခွင့်များ ရှင်းလင်းစွာ သတ်မှတ်ဆောင်ရွက်သွားမည်။ ထိုသို့ ဆောင်ရွက်နိုင်ရန် ဥပဒေနှင့် နည်းဥပဒေများ ရေးဆွဲခြင်း၊ လက်တွေ့အကောင်အထည်ဖော်ခြင်းနှင့် လက်တွေ့ အကျိုးဖြစ်ထွန်းနိုင်စေရန် တိုက်တွန်းဆောင်ရွက်ရေး။

(ခ) သဘာဝပတ်ဝန်းကျင်ကို ထိခိုက်နစ်နာမှု အနည်းဆုံးဖြစ်စေရန်အတွက် ဥပဒေနှင့် နည်းဥပဒေများ ပြဋ္ဌာန်း အကောင်အထည်ဖော်နိုင်ရေး၊ တတ်သိပညာရှင်များ၊ ဒေသခံများ၊ အရပ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားရေး။

(ဂ) ဥပဒေ စည်းမျဉ်းများချမှတ်ခြင်းနှင့် အကောင်အထည် ဖော်ခြင်း အဆင့်ဆင့်တွင် ဗဟိုအစိုးရနှင့် ပြည်နယ် အစိုးရများ စနစ်တကျ ပူးပေါင်းဆောင်ရွက်နိုင်ရေး။

၂၅။ **အဂတိလျှော့ချရေးကဏ္ဍ**

(က) ဆွေးနွေးပွဲများ၊ စကားဝိုင်းများနှင့် သင်တန်းများ၊ မီဒီယာ နည်းလမ်းများအသုံးပြု၍ စာပေ၊ သတင်း၊ စာနယ်ဇင်း၊ ရုပ်ရှင်သဘင် အစရှိသည့် အခန်းကဏ္ဍများတွင် ကျယ်ကျယ်ပြန့်ပြန့် အသိပေးရန်၊ တည်ဆဲတားမြစ် ဥပဒေများကို ပြန်လည်စိစစ်ပြီး ထိရောက်ဟန့်တားသည့် ပြစ်ဒဏ်ပေးခြင်း၊ ကိုယ်ကျင့် သိက္ခာကို ပြန်လည်တည့်မတ်စေသည့် ပညာပေး ပြစ်ဒဏ်များကို ချမှတ်စေခြင်း၊ အဂတိကော်မရှင် ကဲ့သို့သော အဖွဲ့အစည်း၏ လုပ်ပိုင်ခွင့် တာဝန်ကို မြှင့်တင်ရေး။

(ခ) အဂတိတရားများဖြစ်ပေါ်စေသည့် အကြောင်းအရာများကို နေရာ၊ ဌာန၊ ပုဂ္ဂိုလ် အဖွဲ့အစည်းအလိုက် စိစစ်ဖော်ထုတ်ရန်၊ အကြောင်းတရား အလိုက် ပေါ်ပေါက်ချက်များကို ကြိုတင် တားဆီးကာကွယ်ရေး။

(ဂ) လူငယ်၊ လူလတ်၊ လူကြီး စသည့် အရွယ် (၃) ပါးစလုံး၏ ကိုယ်ကျင့်သီလ၊ သိက္ခာ၊ သမာဓိများကို မြှင့်တင်၍ အဂတိတရားကို ရှောင်ကြဉ်ဖယ်ရှားစေရေး။

၂၆။ **တရားစီရင်ရေးကဏ္ဍ**

(က) တည်ဆဲ၊ ပြဋ္ဌာန်းဥပဒေများနှင့်အညီ တရားစီရင်ဆုံးဖြတ်ရာတွင် မည်သည့်ကဏ္ဍ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းကမျှ တရားစီရင်မှု အထက်တွင် မရှိစေဘဲ၊ ကဏ္ဍ (၃) ရပ်၏ ပိုင်းခြားခြင်း အစဉ်နှင့် အပြန်အလှန်ထိန်းကျောင်းခြင်း "စံ" အဖြစ်ဖြင့်သာ ရှိစေရန် ဆောင်ရွက်ရေး။

(ခ) ဥပဒေနှင့်အညီ လွပ်လပ်စွာတရားစီရင်ရေး၊ ဥပဒေအရ တားမြစ်ထားမှုမှ အပ အများ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး၊ ဥပဒေအရ ချေပခွင့်နှင့် အယူခံခွင့်ပေးရေး၊ အပြစ်ပေးရာတွင် လူ့ဂုဏ်သိက္ခာကို ညှိုးနွမ်း မထိပါးစေဘဲ စာရိတ္တ ပြုပြင်မှုကို ဦးတည်ခြင်း စသည့် အကျိုးရှိသည့် မူဝါဒများ ချမှတ်ရေး။

(ဂ) ပြည်သူများ ယုံကြည်ကိုးစားလိုက်နာမည့် တရားစီရင်ရေးစနစ်တစ်ရပ် ပေါ်ပေါက်လာ စေရန်ရည်ရွယ်ပါသည်။ ပြည်သူများအကြား ဖြစ်ပွားသော အမှုအခင်းများ၊ အငြင်းပွား မှုများကို ကြန့်ကြာမှုမရှိစေဘဲ မှန်မှန်နှင့် မြန်မြန် စီရင်ဆုံးဖြတ်ရေးကို ဆောင်ရွက် ရေး။

၂၇။ **နိုင်ငံတကာဆိုရေးရာကဏ္ဍ**

(က) ချိတ်ဆက်မှုနှင့် ပေါင်းစည်းမှု စီမံကိန်းများ မှသည် တက်ကြွမှန်ကန်သော အိမ်နီးချင်း နိုင်ငံများ ဆက်ဆံမှု တည်ဆောက်ရေး။

(ခ) အင်အားကြီး စီးပွားရေး နိုင်ငံများထံမှ ရေရှည် တည်တံ့မည့် ပုံမှန်ကုန်သွယ်ရေး အခွင့်အလမ်းများ အတွက် ညှိနှိုင်းသဘောတူညီမှုများ ဖော်ဆောင်နိုင်ရေး။

(ဂ) လူ့အခွင့်အရေးနှင့် ဒီမိုကရေစီစနစ် ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များကို ချမှတ်လျက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး။

(ဃ) နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု၊ အထောက်အပံ့၊ ချေးငွေနှင့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များအတွက် ရေရှည်ဆောင်ရွက်သွားမည့် ပညာရှင် ဘုတ်အဖွဲ့များဖွဲ့စည်း တည်ထောင်ရေး။

(င) ကမ္ဘာ့ကုလသမဂ္ဂ၊ ဒေသတွင်း နှင့် နိုင်ငံတကာ အဖွဲ့အစည်းများကြားတွင် မြန်မာ ကိုယ်စားလှယ်များ ထိရောက်စွာ ပါဝင်လှုပ်ရှားနိုင်ရေး။

၂၆။ **အခြေခံမူများ။** ပါတီ၏ ရေရှည်မျှော်မှန်းချက်မှာ အောက်ပါအခြေခံမူများကို ကာကွယ်၊ မြှင့်တင်၊ ထိန်းသိမ်း သွားရန်ဖြစ်သည် -

(က) ကျွန်ုပ်တို့ပြည်သူလူထု၏ တာဝန်၊ အခြေခံရပိုင်ခွင့်များနှင့် လွတ်လပ်ခြင်း၊

(ခ) တရားဥပဒေစိုးမိုးရေးကို လိုက်နာစောင့်ထိန်းခြင်း၊

(ဂ) ထိရောက်၍ စွမ်းဆောင်ရည်ပြည့်ဝသော တာဝန်ယူမှု၊ တာဝန်ခံမှု ရှိသည့် အစိုးရအဖွဲ့ကို ဖွဲ့စည်းခြင်း၊

(ဃ) တက်ကြွသော လူမှုအဖွဲ့အစည်းများ၏ လုပ်ပိုင်ခွင့်ကို လေးစားခြင်း၊

(င) ကျင့်ဝတ်စည်းကမ်းနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်သော မီဒီယာများ၏ အခန်းကဏ္ဍကို လေးစားခြင်း၊

(စ) ပြည်သူနှင့် ပတ်သက်သော ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်လာစေခြင်း၊

(ဆ) သဘာဝပတ်ဝန်းကျင်နှင့် ရှေးဟောင်းအမွေအနှစ်များကို ကာကွယ်၊ ထိန်းသိမ်း စောင့်ရှောက်ခြင်း၊

(ဇ) ပြည်သူပြည်သားတိုင်း ပညာဆည်းပူးခွင့်နှင့် လေ့ကျင့်သင်ကြားခွင့်ရရှိခြင်း၊

(ဈ) ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားလူမျိုးအချင်းချင်း အပြန်အလှန် အသိအမှတ်ပြုလေးစားမှု၊ သာတူညီမျှမှုတို့ဖြင့် အတူတကွ ငြိမ်းချမ်းစွာ ယှဉ်တွဲ နေထိုင်ခြင်း၊

(ည) ဗဟိုချုပ်ကိုင်မှုကို လျှော့ချပြီး၊ ပြည်နယ်များနှင့် တိုင်းဒေသကြီး အစိုးရ များကို လုပ်ပိုင်ခွင့်အာဏာတိုးပေး၍ ဖက်ဒရယ်စနစ်ကို ဦးတည်မြှင့်တင် သွားခြင်း။

၂၆။ **ဖွဲ့စည်းပုံဆိုင်ရာပြဋ္ဌာန်းချက်၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

(က) ပါတီသည် အစဉ်အဆက် ဆက်ခံခြင်းအတွက် မိမိတို့ကိုယ်တိုင်ချမှတ် သဘောတူထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ပေါင်းစပ်ဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။

(ခ) ပါတီအနေနှင့် ရွှေ့ပြောင်းနိုင်သော၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းပိုင်ဆိုင်မှုများနှင့် ပတ်သက်ပြီး ဥပဒေကြောင်းအရ ရောင်းဝယ်ခြင်း၊ ပိုင်ဆိုင်ခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ အာမခံထားခြင်း၊ သိုမှီးခြင်း၊ ကိုင်တွယ်ဖြေရှင်းခြင်းများ ဆောင်ရွက်နိုင်သည်။ အကယ်၍ လိုအပ်လျှင် ဤဖွဲ့စည်းပုံစည်းမျဉ်းက တရားဝင်ခွင့်ပြုထားသည့်အတိုင်း ဥပဒေဆိုင်ရာ ကိစ္စများအားလုံးကိုလည်း ဆောင်ရွက်ခွင့်ရှိသည်။

(ဂ) ပါတီအမည်ဖြင့် ရရှိကောက်ခံထားသော ငွေကြေးနှင့် ပစ္စည်းများ၊ ကုန်စည်များ၊ အလှူငွေများနှင့် အာမခံပစ္စည်းများ အားလုံးမှာ ပါတီအကျိုး အတွက်သာ အသုံးပြုရမည်ဖြစ်သည်။

(ဃ) ပါတီ၏ ရန်ပုံငွေနှင့် ပိုင်ဆိုင်မှုများကို ပါတီဝင်များကြား သို့မဟုတ် ရုံးဌာနတာဝန်ခံများကြား ခွဲဝေဖြန့်ဖြူးခွင့်မရှိစေရ၊ သို့ရာတွင် ပါတီအတွက် လိုအပ်လျှင် ပါတီမှ ရယူသောဝန်ဆောင်မှုလုပ်ငန်းများအတွက် ကျသင့်သော သင့်လျော်သည့် အဖိုးစားနားအဖြစ် အသုံးပြုနိုင်သည်။

၂၇။ **လုပ်ငန်းအစီအစဉ်**

(က) ပါတီသည် မိမိတို့၏ ရေရှည်မျှော်မှန်းချက်နှင့် အခြေခံမှုများကို အစိုးရအနေနှင့် သော်လည်းကောင်း အတိုက်အခံအနေနှင့်သော်လည်းကောင်း အကောင်အထည်ဖော်ရာတွင် အောက်ပါအချက်များနှင့် အနည်းဆုံး ကိုက်ညီသော လုပ်ငန်းအစီအစဉ်များကို ချမှတ်ဆောင်ရွက်သွားမည် -

(၁) ပြည်သူလူထု၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်း၊

(၂) မည်သည့်အစိုးရကဏ္ဍတွင်မဆို ပြည်သူများ၏ အကျိုးစီးပွားကို ကိုယ်စားပြု၍ ကြိုးပမ်းအားထုတ်ခြင်း၊

(၃) ကျွမ်းကျင်သူများနှင့် ပညာရှင်များက သုတေသနပြုထားပြီး သုံးသပ်အကဲဖြတ်ထားသော လေ့လာတွေ့ရှိချက် အထောက်အထားများပေါ် အခြေခံသည့် လူထုရေးရာ မူဝါဒများ အသုံးပြုရေးကို မြှင့်တင်ခြင်း၊

(၄) အစိုးရမဖွဲ့နိုင်လျှင် စွမ်းဆောင်ရည်ပြည့်ဝ၍ ထိရောက်သော အတိုက်အခံအဖြစ် ရပ်တည်ခြင်း၊

(၅) တာဝန်ယူမှု၊ တာဝန်ခံမှု ရှိသော လူထုကိုယ်စားလှယ် အဖြစ် ရပ်တည်ခြင်း၊

(၆) ကျွမ်းကျင်သူများနှင့် ပညာရှင်များက သုတေသနပြုထားပြီး သုံးသပ် အကဲဖြတ်ထားသော အဆိုပြု လေ့လာတွေ့ရှိချက် အထောက်အထားများအပေါ် အခြေခံသည့် လူထုရေးရာ မူဝါဒများ အသုံးပြုရေးကို မြှင့်တင်ခြင်း၊

(၇) ပါတီနှင့် ဗဟိုကောင်စီက ချမှတ်ထားသော ပါတီတွင်းစည်းမျဉ်းစည်းကမ်းများနှင့် သော်လည်းကောင်း သင့်တင့်လျောက်ပတ်သော ပြည်သူ့ရေးရာ မူဝါဒများဖြင့် သော်လည်းကောင်း အစိုးရများကို ထိန်းကျောင်းခြင်း။

(ခ) လူတစ်ဦးချင်းစီသာမက တစ်မျိုးသားလုံး ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းပြည် တည်ဆောက်ရေးတို့တွင် ရေရှည်မျှော်မှန်းချက်နှင့်သော်လည်းကောင်း လွတ်လပ်မှု၊ သာတူညီမျှမှု၊ ကွဲပြားစုံလင်မှု၊ မျှတမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှု တန်ဖိုးစံများနှင့် သော်လည်းကောင်း ရည်ရွယ်ချက်နှင့်မူဝါဒချင်း နီးစပ်သော အခြားနိုင်ငံရေးပါတီများနှင့် ပူးပေါင်း ဆောင်ရွက်နိုင်ရန် နည်းလမ်းရှာဖွေမည်၊

## အခန်း (၅)

## ပါတီ၏ အထွေထွေဖွဲ့စည်းပုံ

**ပါတီ၏ဖွဲ့စည်းပုံ**

၂၈။ ပါတီကို ပါတီ၏ ဖွဲ့စည်းပုံစည်းမျဉ်းများနှင့်အညီ ဒီမိုကရေစီနည်းကျ လုပ်ငန်းဆောင်ရွက်နေသော အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းသည် -

(က) ပါတီကို ဗဟိုအဆင့်၊ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအဆင့်နှင့် မြို့နယ် အဆင့်တို့ဖြင့် ဤဖွဲ့စည်းပုံစည်းမျဉ်းပါအတိုင်း ဖွဲ့စည်းထားသည်။

(ခ) ပါတီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရှိ မြို့နယ်တိုင်းတွင် ဒီမိုကရေစီ နည်းလမ်းတကျ ရွေးကောက်တင်မြှောက်ထားသည့် သက်ဆိုင်ရာ မြို့နယ် ကော်မတီ များနှင့် မြို့နယ်အမှုဆောင်ကော်မတီများဖြင့် မြို့နယ်ရုံးများကို ဖွင့်လှစ်နိုင်ရန် ကြိုးပမ်း ရမည်။

(ဂ) ပါတီ၏ အခြေခံအကျဆုံး အဖွဲ့အစည်းမှာ မြို့နယ်အဖွဲ့ဖြစ်သည်။ ပါတီဝင်တိုင်း အနေဖြင့် မြို့နယ်အဖွဲ့တစ်ခုခု၏ အဖွဲ့ဝင်များဖြစ်ရမည်။ မိမိတို့မြို့နယ်အဖွဲ့နှင့် ပါတီ တွင်း ရွေးကောက်ခံ အမှုဆောင်များမှတစ်ဆင့် မိမိ၏ ရပိုင်ခွင့်၊ တာဝန်နှင့် အခွင့် အရေးများကို ခံစားနိုင်ခွင့်ရှိသည်။

(ဃ) ပါတီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ပြည်နယ်နှင့် တိုင်းဒေသ ကြီးတို့တွင် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး ညီလာခံများ ကျင်းပရမည်။

(င) ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးပါတီညီလာခံသည် မိမိတို့ သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးကောင်စီများ၊ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး အမှုဆောင်များနှင့် အခြားကော်မတီများကို ဤဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ ဖွဲ့စည်းပြီး ညီလာခံများ ကျင်းပရမည်။

(စ) ဗဟိုညီလာခံသည် ပါတီ၏ အမြင့်ဆုံးအာဏာပိုင်အဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး ပါတီနှင့် ဆက်စပ်သော ကိစ္စရပ်များအတွက် ဒီမိုကရေစီနည်းလမ်းနှင့်အညီ ဆုံးဖြတ် ဆောင်ရွက်ရမည်။

(ဆ) ပါတီ၏ဖွဲ့စည်းပုံအဆင့်ဆင့်သည် ဖွဲ့စည်းပုံစည်းမျဉ်းပါ ပြဋ္ဌာန်းချက်များအတိုင်း ကိုယ်ပိုင်အခွင့်အရေး လုပ်ပိုင်ခွင့် အာဏာနှင့် လျော်ညီစွာ မိမိတို့၏ အခန်းကဏ္ဍ အလျောက်တာဝန် ယူဆောင်ရွက်ရမည်။

၂၉။ **ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်းနှင့် ရွေးချယ်ခြင်း**

(က) ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်းနှင့် ရွေးချယ်ခြင်းဆိုင်ရာ စည်းမျဉ်းများကို ဗဟိုကောင်စီက ချမှတ်အတည်ပြုရမည်။

(ခ) အထက်ပါစည်းမျဉ်းများသည် စာဖြင့်ရေးသားထားသော ပြဋ္ဌာန်းချက်များ ဖြစ်ရမည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး၏ ပကတိအခြေအနေနှင့် ကိုက်ညီမှုရှိရမည်။

(ဂ) ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်းနှင့် ရွေးချယ်ခြင်းဆိုင်ရာ စည်းမျဉ်းများသည် ပြည်ထောင်စုလွှတ်တော်၊ ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်များနှင့် သက်ဆိုင်သည်။

(ဃ) ပါတီတွင်း ရပ်တည်မှုကောင်းသူများသည် ပါတီတွင်းရုံးလုပ်ငန်းနှင့် ပါတီ လုပ်ငန်းများကိုသော်လည်းကောင်း၊ လူထုကိုယ်စားလှယ်များအဖြစ် လူထု ဝန်ဆောင်မှုလုပ်ငန်းများကို သော်လည်းကောင်း လုပ်နိုင်ကြောင်း အဆိုပြုခွင့်ရှိစေရမည်။

၃၀။ **ပါတီ ညီလာခံ မူဝါဒ**

(က) ဗဟိုညီလာခံသည် အစည်းအဝေးကျင်းပချိန်တွင် ပါတီ၏ မူဝါဒရေးဆွဲ ချမှတ်ခြင်းအတွက် အမြင့်ဆုံး အဖွဲ့အစည်းဖြစ်သည်။ ပါတီ၏ တန်ဖိုးစံများ၊ အခြေခံမှုများနှင့် မကိုက်ညီသော မည်သည့် အဆိုပြုချက် ကိုမှ လက်ခံဆွေးနွေးမည်မဟုတ်ပါ။ သို့သော် အဆိုပါ အဆိုပြုချက်နှင့် ဆက်စပ်နေသောစာဖြင့်ရေးထားသည့် အကြောင်းကြားစာကို ကိုယ်စားလှယ်များသို့ လုပ်ငန်းကာလလေးပတ်ကြိုတင် တင်ပြထားပြီး တက်ရောက် မဲပေးကြသူများ၏ ငါးပုံလေးပုံက ထောက်ခံလျှင် လက်ခံဆွေးနွေးမည်။

(ခ) ဗဟိုညီလာခံအစည်းအဝေးများ ကျင်းပချိန်မဟုတ်သည့်ကာလတွင် မူဝါဒအသစ်ရေးဆွဲရန် အခြေအနေ ပေါ်ပေါက်လာလျှင် သို့မဟုတ် ပါတီ၏ တန်ဖိုးစံများ၊ အခြေခံမှုများနှင့် ပတ်သက်ပြီး ရှင်းလင်းချက်များ ထပ်မံလိုအပ်လာလျှင် ဗဟိုကောင်စီကတာဝန်ယူဆောင်ရွက်ရမည်။ ယင်းသို့ဆောင်ရွက်မှုကို အနီးကပ်ဆုံး ပါတီဗဟိုညီလာခံသို့ တင်ပြ၍ ဆုံးဖြတ်မှုခံယူရမည်။

(ဂ) ဗဟိုညီလာခံနှင့် ဗဟိုကောင်စီတို့ ကျင်းပသည့်ကာလမဟုတ်လျှင် အထွေထွေအတွင်းရေးမှူးနှင့် ပါတီဦးစီးအဖွဲ့မှ ပုဂ္ဂိုလ်များသည် ဤဖွဲ့စည်းပုံစည်းမျဉ်းနှင့်ပတ်သက်သည့် ကိစ္စရပ်များကို မူဝါဒနှင့်အညီ စီမံ ခန့်ခွဲပိုင်ခွင့်ရှိသည်။ ယင်းသို့ဆောင်ရွက်မှုကို အနီးကပ်ဆုံး ဗဟိုကောင်စီအစည်းအဝေးသို့ တင်ပြရမည်။

(ဃ) ပြည်နယ်/တိုင်းဒေသကြီးညီလာခံများနှင့် ပြည်နယ်/တိုင်းဒေသကြီး ကောင်စီများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်လျှင် သော်လည်းကောင်း၊ ပါတီ၏ တန်ဖိုးစံများ၊ အခြေခံမှုများနှင့် ဗဟိုညီလာခံ၊ ဗဟိုကောင်စီတို့မှ ချမှတ်သော မူဝါဒများနှင့် မဆန့်ကျင်လျှင် သော်လည်းကောင်း မိမိတို့ ပြည်နယ်/တိုင်းဒေသကြီးနှင့် ဆီလျော်သည့် မူဝါဒများအား ချမှတ်ဆောင်ရွက်နိုင်သည်။

၃၁။ **ပါတီဝင်များ၏ ကျင့်ဝတ်**

(က) ပါတီဝင်အားလုံးသည် ပါတီ၏ ကျင့်ဝတ်နှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာကျင့်သုံးကြရမည်။ ဤဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ မိမိအမြင်ကို အဆိုပြုတင်ပြနိုင်သည်။

(ခ) ပါတီသည် ပြည်သူ့ကိုယ်စားလှယ်များအပါအဝင် ပါတီဝင်အားလုံးအပေါ်တွင် ၎င်းတို့၏ စွမ်းဆောင်ရည်အရ သော်လည်းကောင်း၊ ကိုယ်ကျင့်သိက္ခာ အရသော်လည်းကောင်း၊ ကျန်းမာရေးအခြေအနေအရ သော်လည်းကောင်း၊ စည်းကမ်းလိုက်နာမှုအခြေအနေအရ သော်လည်းကောင်း ပါတီဝင်အဖြစ်မှ သတိပေးခံရခြင်း၊ ရပ်ဆိုင်းခြင်း၊ ပါတီရုံး လုပ်ငန်းအားလုံးမှ ဖယ်ရှားခြင်း၊ ပါတီက သင့်တော်သည်ဟု ယူဆသော လုပ်ငန်း တစ်ခုခုသို့ ရွှေ့ပြောင်းခြင်းများကို ဗဟိုကောင်စီက ချမှတ်ထားသည့် ကျင့်ဝတ် စည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်နိုင်သည်။

(ဂ) ပြည်သူ့ကိုယ်စားလှယ်တစ်ဦးဦးသည် အကြောင်းအမျိုးမျိုးကြောင့် ချမှတ်ထားသော တာဝန်ဝတ္တရားများကို ကျေပွန်စွာ မထမ်းဆောင်နိုင်ပါက ဗဟိုကောင်စီမှ ပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်းများအရ သာလျှင် ၎င်း၏ ပါတီဝင်ဖြစ်မှုကို လွှတ်တော်သက်တမ်းတစ်ရပ်အတွင်း ရပ်ဆိုင်းထားနိုင်သည်။

# အခန်း (၆)

# ပါတီဝင်ဖြစ်မှုနှင့် မြို့နယ်အဖွဲ့များ

**အဖွဲ့ဝင်ဖြစ်မှု**

၃၂။ **ပါတီဝင်ဖြစ်ရန် ဆန္ဒပြုသူတိုင်းသည် အောက်ပါအချက်များနှင့် ညီညွတ်ရမည် -**

(က) အသက် ၁၈ နှစ် ပြည့်ပြီးသူဖြစ်ပြီး အခြားပါတီဝင်မဟုတ်သူဖြစ်ရမည်၊

(ခ) နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူဖြစ်ရမည်၊

(ဂ) တန်ဖိုးစံများ၊ အခြေခံမူများနှင့် လုပ်ငန်းစဉ်များကို ယုံကြည်လက်ခံသူ ဖြစ်ရမည်၊

(ဃ) ပါတီ၏ ဖွဲ့စည်းပုံစည်းမျဉ်းကို လေးစားလိုက်နာရန် သဘောတူညီမှုရှိရမည်။

၃၃။ **အဖွဲ့ဝင်ကြေးနှုန်းထားများ။** ပါတီဗဟိုအမှုဆောင်အဖွဲ့သည် ပါတီဝင်ကြေးကို တပြေးညီ သတ်မှတ်ပေးပြီး ပေးရေရမည့် ရက်စွဲကို ဆုံးဖြတ်ပေးရမည်။

၃၄။ **ပါတီဝင် အဖြစ်မှ ပျက်ပြယ်ခြင်း**

(က) အောက်ပါအချက် တစ်ခုခုနှင့် ငြိစွန်းလျှင် ထိုအဖွဲ့ဝင်အား ပါတီ၏ အဖွဲ့ဝင် အဖြစ်မှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည် -

(၁) ပါတီမှ နုတ်ထွက်ရန် ရည်ရွယ်သည်ဟု လည်းကောင်း သို့မဟုတ် ပါတီမှ နုတ်ထွက်သည်ဟု လည်းကောင်း အများ ပြည်သူရှေ့မှောက်တွင် ထုတ်ပြန် ကြေငြာလျှင်၊

(၂) အခြားသော ပါတီသို့ ပါဝင်ရန် ရည်ရွယ်သည် ဟုလည်းကောင်း သို့မဟုတ် အခြားသောပါတီသို့ ပါဝင်လိုက်သည် ဟုလည်းကောင်း အများပြည်သူ ရှေ့မှောက်တွင် ထုတ်ပြန်ကြေငြာလျှင်၊

(၃) မိမိပါတီဝင်များအကြား ပါတီမှနုတ်ထွက်ရန် တိုက်တွန်းစည်းရုံးလျှင်၊

(၄) မိမိပါတီဝင်များကို အခြားပါတီတစ်ခုသို့ ဝင်ရောက်ရန် သို့မဟုတ် ထောက်ခံ ပံ့ပိုးရန် တိုက်တွန်းစည်းရုံးလျှင်၊

(၅) အများပြည်သူဆိုင်ရာ ရွေးကောက်ပွဲတစ်ခုခုတွင် ပါတီ၏ တရားဝင် ကိုယ်စားလှယ်လောင်းကို ဆန့်ကျင်လျက် အခြားသော ကိုယ်စားလှယ် လောင်းဘက်မှ ရပ်တည်၍ လက်ခံလျှင်၊

(၆) ပါတီ၏ အဖွဲ့အစည်းတစ်ခုခုက ချမှတ်သော ဆုံးဖြတ်ချက်များကို အများ ပြည်သူရှေ့မှောက်တွင် ကျိုးကြောင်းဆီလျော်မှုကင်းမဲ့စွာ ကဲ့ရဲ့ပြစ်တင်ခြင်း ကြောင့် သတိပေးခံရပြီးနောက်ပိုင်း တွင် ထပ်မံပြုလုပ်လျှင်၊

(ဂ) ပြစ်မှုဆိုင်ရာဥပဒေအရ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်၍ အပြစ်ပေးခံရကြောင်း အထောက်အထား တွေ့ရှိလျှင်။

(ခ) အဖွဲ့ဝင်တစ်ဦးသည် ပါတီဝင်အဖြစ်မှ ရပ်စဲလျှင် ပါတီဝင် အခွင့်အရေးများ အားလုံးကို ရုပ်သိမ်းသည်။ အကယ်၍ ထိုသူသည် ပြည်သူ့ကိုယ်စားလှယ် တစ်ယောက်ဖြစ်နေလျှင် ထိုသူ၏ အဖွဲ့အတွင်း ရရှိထားသော တာဝန်နှင့် ရာထူးများကို ချက်ချင်း ရုပ်သိမ်း ရမည်။

(ဂ) ရပ်စဲခြင်း ကိစ္စရပ်တွင် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ် သို့မဟုတ် လုပ်ငန်းစဉ်များအား ပါတီဗဟိုဥပဒေရေးရာကော်မရှင်၏ စည်းမျဉ်းများဖြင့် ဆုံးဖြတ်ရမည်။

၃၅။ **ပါတီဝင်များ ထမ်းဆောင်နိုင်သော တာဝန်များ**

(က) ပါတီဝင်များ၏ ကျင့်ဝတ်စည်းကမ်းလိုက်နာသူများသည် ပါတီ၏အခြားသော ဖွဲ့စည်းမှုပုံစံများတွင်လည်းကောင်း၊ ပြည်သူ့ကိုယ်စားလှယ်အဖြစ် သော်လည်းကောင်း တာဝန်ထမ်းဆောင်နိုင်သည်။

(ခ) အနည်းဆုံး ရက်ပေါင်း ၃၀ အတွင်း ကောင်းမွန်သော ရပ်တည်ချက်ဖြင့် ရှိနေသော ပါတီဝင်များ သည်သာလျှင် ပါတီအတွင်း ရွေးကောက်တင် မြှောက်သော ရာထူးများကို တာဝန်ထမ်းဆောင်ခွင့် ရှိသည်။

၃၆။ **မြို့နယ်အဖွဲ့များ**

(က) မြို့နယ်အဖွဲ့များသည် ပါတီ၏အခြေခံအဖွဲ့အစည်းများဖြစ်ပြီး သက်ဆိုင်ရာ မြို့နယ် နယ်နိမိတ်အတွင်း အိမ်ခြေ လူဦးရေ စုစည်းမှု၊ ပထဝီအနေအထားကို အခြေခံ၍ ရပ်/ကျေးအဖွဲ့များ အဖြစ်ထပ်ဆင့် ဖွဲ့စည်းနိုင်သည်။ ရပ်/ကျေးအဖွဲ့များ သည် သက်ဆိုင်ရာမြို့နယ်၏ ဖွဲ့စည်းမှု အောက်တွင် ရှိရမည်။

(ခ) မြို့နယ်အဖွဲ့များ၏ တာဝန်သည် ပါတီရေးရာကိစ္စရပ်များကို စီမံခန့်ခွဲရန်နှင့် ပါတီ၏ အခြေခံမူများ၊ မူဝါဒများကို ပြည်သူလူထုနှင့် ထိတွေ့စေရန်၊ ပါတီလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရေးအတွက် ပြည်သူလူထုကို စည်းရုံးလှုပ်ရှားရန်၊ ပါတီအတွက် ကိုယ်စားလှယ်လောင်းများအား ဒီမိုကရေစီနည်းကျ ရွေးချယ်ရေး လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ရန်၊ ၎င်းတို့၏ စီရင်ပိုင်ခွင့် နယ်မြေများအတွင်း ပါတီဝင်များနှင့် မဲဆန္ဒရှင်များ၏ အကျိုးစီးပွားများကို ဖော်ဆောင်ရန်ဖြစ်သည်။

၃၇။ **မြို့နယ်အဖွဲ့များ၏ ကိုယ်စားလှယ်စေလွှတ်ခြင်း။** ပါတီဗဟိုအမှုဆောင်က အတည်ပြု ပေးထားသော အချိုးအစားအတိုင်း အဖွဲ့ခွဲတိုင်းသည် သက်ဆိုင်ရာ ပါတီညီလာခံများတွင် ကိုယ်စားလှယ်များအဖြစ် ပါဝင်ခွင့်ရှိသည်။

၃၈။ **ရပ်/ကျေးအဖွဲ့များကို ဖွဲ့စည်းခြင်း။** ပြည်နယ်/တိုင်းဒေသကြီး အမှုဆောင်အဖွဲ့က ထိုအဖွဲ့၏ စီရင်ပိုင်ခွင့်ရှိသော နယ်မြေအတွင်း အဖွဲ့ဝင် အနည်းဆုံး ၁၅ ယောက် ရှိကြောင်း အတည်ပြုချက်ပေးမှသာလျှင် ရပ်/ကျေးအဖွဲ့တစ်ခုကို ဖွဲ့စည်းခွင့်ပြုနိုင်သည်။

၃၉။ **မြို့နယ်များ ပိုင်းခြားသတ်မှတ်ခြင်းနှင့် မြို့နယ်အမှုဆောင်များကို ပေါင်းစပ်ဖွဲ့စည်းခြင်း။** ပြည်နယ်/တိုင်းဒေသကြီးအမှုဆောင်အဖွဲ့သည် တည်ရှိဆဲမြို့နယ် နယ်နိမိတ်များအကြောင်း မြို့နယ် အမှုဆောင်များနှင့် ဆွေးနွေးညှိနှိုင်းပြီးနောက် ပါတီအမှုဆောင်အရာရှိချုပ်နှင့် ဆွေးနွေးညှိနှိုင်းကာ မြို့နယ်နယ်နိမိတ်များကို ပိုင်းခြားသတ်မှတ်ရမည်။

၄၀။ မြို့နယ်တိုင်းတွင် မြို့နယ်အမှုဆောင်တစ်ခုစီရှိရမည်။ ထိုအမှုဆောင်၏ ဖွဲ့စည်းပုံအား ဤဖွဲ့စည်းပုံ စည်းမျဉ်းတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့်အတိုင်း ဖြစ်ရမည်။

၄၁။ မြို့နယ်အမှုဆောင်သည် ဤဖွဲ့စည်းပုံစည်းမျဉ်းတွင် ပြဋ္ဌာန်းထားသည့်အတိုင်း မြို့နယ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက် အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ မြို့နယ်လူငယ်အဖွဲ့ခေါင်းဆောင်နှင့် မြို့နယ် အမျိုးသမီးအဖွဲ့ခေါင်းဆောင် တို့ကို ရွေးကောက်တင်မြှောက်ရမည်။

၄၂။ မြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာ များကို ကိုယ်စားပြုထားသော အမှုဆောင်များ သို့မဟုတ် အချိုးကျ တာဝန်ချထားသော အမှုဆောင်များသည် မြို့နယ်အမှုဆောင်၏ အလိုအလျောက် အဖွဲ့ဝင်များ ဖြစ်ကြသည်။ မြို့နယ်အတွင်းရေးမှူးက မြို့နယ်အတွင်း တာဝန်ဝတ္တရားများခွဲဝေရမည်။

၄၃။ **မြို့နယ်အစည်းအဝေးများ**

(က) မြို့နယ်အမှုဆောင်အဖွဲ့သည် ယင်း၏ ကိုယ်စားပြုတာဝန်များကို ထမ်းဆောင်ရန် ပျက်ကွက်လျှင်၊ ပြည်နယ်/တိုင်းဒေသကြီးအမှုဆောင်အဖွဲ့သည် ထိုအဖွဲ့၏ အမှုဆောင် အဖွဲ့အသစ်တစ်ခုကို ရွေးကောက် တင်မြှောက်ရန် အစည်းအဝေးတစ်ခု ကို ဆင့်ခေါ်ကျင်းပရမည်။ အကယ်၍ ရက်ပေါင်း ၃၀ အတွင်း ထိုကဲ့သို့ ဆောင်ရွက်ရန် ပျက်ကွက်နေလျှင် ပြည်နယ်/တိုင်းဒေသကြီးအမှုဆောင်အဖွဲ့က ယင်းအစည်းအဝေး ကို ခေါ်ယူ ကျင်းပရမည်။

(ခ) မြို့နယ် အမှုဆောင်အဖွဲ့အသစ်ကို ဖွဲ့စည်းရမည် သို့မဟုတ် လက်ရှိ မြို့နယ် အမှုဆောင်အဖွဲ့က နှစ်ပတ်လည် အထွေထွေစုံညီ အစည်းအဝေး တစ်ခုကို ကျင်းပ ရတော့မည် ဆိုလျှင် ထိုအစည်းအဝေး ကျင်းပမည့် ရက်စွဲ၊ အချိန်နှင့် နေရာ၊ လွှဲပြောင်းရမည့် လုပ်ငန်း သဘာဝများအကြောင်း အသိပေးအကြောင်းကြားစာအား မြို့နယ်အတွင်းရှိသော အဖွဲ့ဝင်များအားလုံး၊ ထိုနယ်မြေအတွက် တာဝန်ရှိသော ပါတီ၏ ပြည်သူ့ကိုယ်စားလှယ်များအားလုံး၊ ပြည်နယ်/တိုင်းဒေသကြီး သို့မဟုတ် မြို့နယ် ရုံးသို့ ပေးပို့ရမည်။ ထိုအစည်းအဝေး ကျင်းပမည့် ရက်မတိုင်ခင် အနည်းဆုံး ၁၄ ရက် ကြိုတင်၍ အသိပေး အကြောင်းကြားစာကို ပေးပို့ရမည်။

(ဂ) အဖွင့်အစည်းအဝေးနှင့် နှစ်ပတ်လည် အထွေထွေစုံညီ အစည်းအဝေးကို အထ မြောက်စေရန် အစည်းအဝေး တက်ရောက်သူ အဖွဲ့ဝင် အနည်းဆုံး ၅၀ ရာခိုင်နှုန်းနှင့် အထက်ရှိရန် လိုအပ်သည်။

(ဃ) မြို့နယ်အဖွဲ့များ၏ အဖွင့်အစည်းအဝေးများနှင့် နှစ်ပတ်လည် အထွေထွေစုံညီ အစည်းအဝေးများ အားလုံးအတွက် ကြီးကြပ်ရေးအရာရှိတစ်ဦးအား ပြည်နယ်/တိုင်းဒေသကြီး အမှုဆောင်အဖွဲ့က ခန့်အပ်စေလွှတ်ပေးရမည်။

(င) အကယ်၍ မြို့နယ်အမှုဆောင်အဖွဲ့ဝင် ငါးပုံတစ်ပုံက အထွေထွေ စုံညီအစည်းအဝေး ခေါ်ယူ ကျင်းပပေးရန် စာဖြင့်ရေးသား တောင်းဆိုလျှင် ၂၁ ရက် အတွင်း အထွေထွေ စုံညီ အစည်းအဝေးအား မြို့နယ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌက ခေါ်ယူ ကျင်းပပေးရမည်။

၄၄။ **မြို့နယ်အဖွဲ့များ၏ တာဝန်ပျက်ကွက်မှုများ။** ပြည်နယ်/တိုင်းဒေသကြီး အမှုဆောင်အဖွဲ့သည် မြို့နယ်အဖွဲ့၏ အခြေအနေကို အောက်ပါအတိုင်း စိစစ်ပြီး ထိုစိစစ်တွေ့ရှိချက်များကို ဗဟိုအမှုဆောင် အဖွဲ့သို့ တင်ပြရမည် -

(က) ပါတီဖွဲ့စည်းပုံစည်းမျဉ်း၏ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်လျှင်၊

(ခ) ပါတီတွင်း သဘောထားကွဲလွဲမှု သို့မဟုတ် ဦးဆောင်မှု အားနည်းခြင်း ကြောင့် လုပ်ငန်းတာဝန်များကို ကောင်းမွန်စွာ မလုပ်ဆောင် နိုင်လျှင်။

၄၅။ **မြို့နယ်အမှုဆောင်များ၏ လုပ်ပိုင်ခွင့်များနှင့် လုပ်ငန်းဆောင်တာများ**

(က) မြို့နယ်အမှုဆောင်သည် မြို့နယ်နှင့် ၎င်း၏ ရပ်/ကျေးအဖွဲ့များ အားလုံးအတွက် နှစ်စဉ် လုပ်ငန်းအစီအစဉ် မူကြမ်းရေးဆွဲရာတွင် ပါဝင်ရမည်။

(ခ) မြို့နယ်အမှုဆောင်သည် ပါတီ၏ မူဝါဒများနှင့် လုပ်ငန်းစဉ်များကို အကောင်အထည် ဖော်ရာတွင် ပါတီ၏ ပြည်သူ့ကိုယ်စားလှယ်များနှင့် လုပ်ငန်း ဆောင်ရွက်ရေး ဖွဲ့စည်းမှု ပုံစံများကို အထောက်အကူပြုပေးရမည်။

(ဂ) မြို့နယ်အတွင်းရေးမှူးသည် ထိုမြို့နယ်အတွက် စီမံအုပ်ချုပ်မှုအရ တာဝန်ရှိသည်။

(ဃ) မြို့နယ်အဖွဲ့များအတွက် တာဝန်ပေးခန့်အပ်ထားသော အမှုဆောင်များသည် ထိုမြို့နယ် အတွင်း ပါတီစည်းရုံးရေး လုပ်ငန်းများကို ဆောင်ရွက်ရန်နှင့် နိုင်ငံရေး ထောက်ခံမှုကို ရရှိစေရန် တာဝန်ယူရမည်။

# အခန်း (၇)

# ပြည်နယ်/တိုင်းဒေသကြီးများ

**ပြည်နယ်/တိုင်းဒေသကြီးများ**

၄၆။ ပြည်နယ်/တိုင်းဒေသကြီးများ တွင် အောက်ပါအတိုင်းပါဝင်ဖွဲ့စည်းရမည် -

(က) ပြည်နယ်/တိုင်းဒေသကြီး ညီလာခံ၊

(ခ) ပြည်နယ်/တိုင်းဒေသကြီးကောင်စီ၊

(ဂ) ပြည်နယ်/တိုင်းဒေသကြီး အမှုဆောင်အဖွဲ့၊

(ဃ) မြို့နယ်အမှုဆောင်အဖွဲ့များ။

၄၇။ **ပြည်နယ်/တိုင်းဒေသကြီးညီလာခံ**

(က) ပြည်နယ်/တိုင်းဒေသကြီးညီလာခံအား ပုံမှန်အားဖြင့် အနည်းဆုံး ငါးနှစ်တစ်ကြိမ် ခေါ်ယူ ကျင်းပရမည်။ ထိုညီလာခံကို ပါတီဗဟိုညီလာခံကျင်းပမည့်ရက်ထက် အနည်းဆုံး ၆လကြိုတင် ကျင်းပရမည်။

(ခ) ပြည်နယ်/တိုင်းဒေသကြီးအမှုဆောင်အဖွဲ့သည် ညီလာခံကိုယ်စားလှယ်များ ၏ အရည်အချင်းကို ဆုံးဖြတ်သတ်မှတ်ပေးရမည်။ ညီလာခံကိုယ်စားလှယ်များတွင် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များ ပါဝင်ရမည် -

(၁) ပြည်နယ်/တိုင်းဒေသကြီး ဥက္ကဋ္ဌ၊

(၂) ပြည်နယ်/တိုင်းဒေသကြီး ဒုတိယ ဥက္ကဋ္ဌ နှစ်ဦး၊

(၃) ပြည်နယ်/တိုင်းဒေသကြီးအတွင်းရေးမှူး၊

(၄) ပြည်နယ်/တိုင်းဒေသကြီး တွဲဖက်အတွင်းရေးမှူး နှစ်ဦး၊

(၅) ပြည်နယ်/တိုင်းဒေသကြီး ဘဏ္ဍာရေးကော်မတီ ဥက္ကဋ္ဌ၊

(၆) ပြည်ထောင်စုလွှတ်တော်နှင့် ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အားလုံး၊

(၇) ပါတီလူငယ်အဖွဲ့၏ ပြည်နယ်/တိုင်းဒေသကြီး ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊

(၈) ပါတီ အမျိုးသမီးအဖွဲ့၏ ပြည်နယ်/တိုင်းဒေသကြီး ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ။

(ဂ) ပြည်နယ်/တိုင်းဒေသကြီးညီလာခံသည် ဥက္ကဋ္ဌ နှင့် ဒုတိယ ဥက္ကဋ္ဌများကို ရွေးကောက်တင်မြှောက်ရမည်။

(ဃ) ဥက္ကဋ္ဌ သို့မဟုတ် ၎င်းက တာဝန်ပေးအပ်သော ဒုတိယ ဥက္ကဋ္ဌ တစ်ဦးသည် ပြည်နယ်/တိုင်းဒေသကြီးညီလာခံ၏ သဘာပတိ အဖြစ် တာဝန်ထမ်းဆောင်ရမည်။

(င) ပြည်နယ်/တိုင်းဒေသကြီးညီလာခံကျင်းပမည့်နေရက်၊ အချိန်၊ နေရာ၊ ညီလာခံ အစီအစဉ် နှင့် သက်ဆိုင်သောဆုံးဖြတ်ချက်များ အားလုံးကို ပါတီဗဟိုအမှုဆောင် အဖွဲ့က ဆုံးဖြတ်ရမည်။

၄၈။ **ပြည်နယ်/တိုင်းဒေသကြီးအမှုဆောင်အဖွဲ့**

(က) ပြည်နယ်/တိုင်းဒေသကြီးညီလာခံ တစ်ခုကျင်းပလျှင် ပြည်နယ်/တိုင်းဒေသကြီးအမှုဆောင် နှင့် မြို့နယ်အမှုဆောင်တို့သည် ဤဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ အောက်ခြေမှစ၍ အဆင့်ဆင့် ဖွဲ့စည်းရမည်။

(ခ) ပြည်နယ်/တိုင်းဒေသကြီးအမှုဆောင်အဖွဲ့သည် -

(၁) ထို ပြည်နယ်/တိုင်းဒေသကြီးအတွင်း ပါတီ၏ ဖွဲ့စည်းမှုအားလုံးသည် ပုံမှန် ရွေးကောက်တင်မြှောက်မှုများဆောင်ရွက်ရမည်။

(၂) ပါတီဗဟိုအမှုဆောင်အဖွဲ့သည် ပြည်နယ်/တိုင်းဒေသကြီး၏ ပူးပေါင်း ဆောင်ရွက်မှုဖြင့် နိုင်ငံအဝန်း မဲဆွယ်စည်းရုံးရန် တာဝန်ယူ ဦးဆောင် ရမည်။

(၃) ပြည်နယ်/တိုင်းဒေသကြီး၏ ဘဏ္ဍာရေးရာ ကိစ္စရပ်များအတွက် တာဝန် ယူရမည်။

၄၉။ **ပြည်နယ်/တိုင်းဒေသကြီး အမှုဆောင် ကိုယ်စားလှယ်လောင်း ရွေးချယ်စေလွှတ်ခြင်း။** ကိုယ်စားလှယ်လောင်းအမည်စာရင်းများကို အောက်ခြေမှ အဆင့်ဆင့် သော်လည်းကောင်း ပါတီဗဟိုအမှုဆောင် အဖွဲ့မှသော်လည်းကောင်း အဆိုပြုနိုင်သည်။ အဆိုပြုသူများအနက် ကိုယ်စားလှယ်လောင်းများကို မြို့နယ်ပါတီဝင် များမှ မဲပေးဆုံးဖြတ် ရွေးချယ်ရမည်။

၅၀။ **ပြည်နယ်/တိုင်းဒေသကြီးအဖွဲ့များ၏ တာဝန်ပျက်ကွက်မှုများ။** အကယ်၍ ပြည်နယ်/တိုင်းဒေသကြီး အဖွဲ့ တစ်ခုခုသည် -

(က) ပါတီ၏ ဖွဲ့စည်းပုံစည်းမျဉ်း သို့မဟုတ် သက်ဆိုင်ရာ အမိန့် ညွှန်ကြားချက် တစ်ခုခုကို လိုက်နာရန် ပျက်ကွက်လျှင်၊

(ခ) ပါတီ၏ ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြည့်မှီစွာ မဆောင်ရွက်နိုင်လျှင်၊

(ဂ) ပါတီတွင်းသဘောထား ကွဲလွဲခြင်း သို့မဟုတ် ဦးဆောင်မှု အားနည်းခြင်း လုပ်ငန်းတာဝန်များကို ကောင်းမွန်စွာ မလုပ်ဆောင်နိုင်လျှင်၊

(ဃ) ပါတီဗဟိုအမှုဆောင်အဖွဲ့သည် ပျက်ကွက်မှုများကို ကြားနာစစ်ဆေး၍ လိုအပ်သည်များကို ညွှန်ကြားဆောင်ရွက်နိုင်ပြီး ထိုညွှန်ကြားချက်များကို ဆောင်ရွက်ပြီးစီးခြင်း ရှိ၊ မရှိ အား နှောင်ကျင်းပသည့် ပါတီဗဟို အမှုဆောင်အစည်းအဝေးသို့ တင်ပြရမည်။

## အခန်း (၈)

## ပါတီဗဟိုဖွဲ့စည်းတည်ဆောက်မှု

**ပါတီဗဟိုညီလာခံ**

၅၁။ ပါတီဗဟိုညီလာခံကို ခေါ်ယူကျင်းပနေချိန်တွင် ပါတီဗဟိုညီလာခံသည် ပါတီ၏ အမြင့်ဆုံး မူဝါဒချမှတ်ရေးနှင့် စီမံခန့်ခွဲရေး အဖွဲ့အစည်း ဖြစ်သည်။

(က) ပါတီဗဟိုညီလာခံအား ပုံမှန်အားဖြင့် အနည်းဆုံး ငါးနှစ်တစ်ကြိမ် ခေါ်ယူကျင်းပ ရမည်။ သို့သော်လည်း ပါတီအမှုဆောင်အဖွဲ့ဝင်များ၏ သုံးပုံနှစ်ပုံ မဲခွဲဆုံးဖြတ်ချက် သို့မဟုတ် အနည်းဆုံး ပါတီဝင် ၆ဝ ရာခိုင်နှုန်း၏ တောင်းဆိုတင်ပြစာဖြင့် ပါတီ၏ အထူးဗဟိုညီလာခံကို ခေါ်ယူကျင်းပပေးရမည်။

(ခ) ညီလာခံကိုယ်စားလှယ်များတွင် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များ ပါဝင်ရမည် -

(၁) ဥက္ကဋ္ဌ၊

(၂) ဒုတိယ ဥက္ကဋ္ဌ သုံးဦး၊

(၃) အထွေထွေအတွင်းရေးမှူး၊

(၄) တွဲဖက် အထွေထွေအတွင်းရေးမှူး သုံးဦး၊

(၅) ဗဟိုကောင်စီ၏ သဘာပတိ နှင့် တွဲဖက်သဘာပတိ နှစ်ဦး၊

(၆) ဗဟိုဘဏ္ဍာရေး ကော်မတီဥက္ကဋ္ဌ၊

(၇) ဗဟိုအမှုဆောင်အဖွဲ့ဝင်များအားလုံး၊

(၈) မဲပေးခွင့်မရှိသော ဗဟိုအမှုဆောင်အရာရှိချုပ်၊

(၉) ပြည်နယ်/တိုင်းဒေသကြီးအသီးသီးမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများ၊

(၁၀) ပြည်ထောင်စုလွှတ်တော်နှင့် ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်ကိုယ်စား လှယ် များအားလုံး၊

(၁၁) မြို့နယ်အသီးသီးမှ ညီလာခံ ကိုယ်စားလှယ်များ၊

(၁၂) ပါတီ ဗဟိုလူငယ်အဖွဲ့၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ ပြည်နယ်/တိုင်း ဒေသကြီးလူငယ်အဖွဲ့ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊

(၁၃) ပါတီ ဗဟိုအမျိုးသမီးအဖွဲ့၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ ပြည်နယ်/တိုင်း ဒေသကြီးအမျိုးသမီးအဖွဲ့ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ။

(ဂ) ပါတီဗဟိုညီလာခံသည် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးနှင့် တွဲဖက်အထွေထွေအတွင်းရေးမှူး တို့ကို ရွေးကောက်တင်မြှောက်ရမည်။

(ဃ) ဥက္ကဋ္ဌ သို့မဟုတ် ၎င်းက တာဝန်ပေးအပ်သော ဒုတိယဥက္ကဋ္ဌ တစ်ဦးသည် ဗဟိုညီလာခံ၏ သဘာပတိအဖြစ် တာဝန်ထမ်းဆောင်ရမည်။

(င) ပါတီဗဟိုညီလာခံကျင်းပမည့်နေရက်၊ အချိန်၊ နေရာ၊ ညီလာခံအစီအစဉ် နှင့် သက်ဆိုင်သော ဆုံးဖြတ်ချက်များ အားလုံးကို ပါတီဗဟိုအမှုဆောင်အဖွဲ့က ဆုံးဖြတ်ရမည်။

၅၂။ **ပါတီဗဟိုကောင်စီ**

(က) ပါတီဗဟိုညီလာခံက ဗဟိုကောင်စီ တစ်ခုကို ဖွဲ့စည်းထားရမည်။

(ခ) ပါတီဗဟိုညီလာခံ ကျင်းပနေချိန် မဟုတ်လျှင် ပါတီဗဟိုကောင်စီသည် ပါတီ၏ မူဝါဒချမှတ်ရေး နှင့် အုပ်ချုပ်ရေး အဖွဲ့အစည်း ဖြစ်သည်။

(ဂ) ပါတီဗဟိုကောင်စီအား အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(၁) ပါတီဗဟိုအမှုဆောင်အဖွဲ့ဝင်များ အားလုံး၊

(၂) ပါတီဗဟိုဥပဒေရေးရာကော်မရှင် ဥက္ကဋ္ဌ၊

(၃) ပြည်နယ်/တိုင်းဒေသကြီး ဥက္ကဋ္ဌများ၊

(၄) ပြည်နယ်/တိုင်းဒေသကြီး ဘဏ္ဍာရေးဥက္ကဋ္ဌများ၊

(၅) လက်ရှိ ရွေးကောက်ခံ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အားလုံး၊

(၆) လက်ရှိ ရွေးကောက်ခံ ပြည်နယ်နှင့်တိုင်းဒေသကြီးကိုယ်စားလှယ်များ အားလုံး၊

(၇) လက်ရှိ ရွေးကောက်ခံ ဒေသန္တရအစိုးရအဖွဲ့ဝင်များအားလုံး၊

(၈) ပြည်နယ်/တိုင်းဒေသကြီး ဥက္ကဋ္ဌများကရွေးချယ် စေလွှတ်သော ပြည်နယ်/ တိုင်းဒေသကြီး တစ်ခုစီမှ ရုံးအဖွဲ့ဝင် နှစ်ဦးစီ။ (ထိုသူများသည် မဲပေးခွင့်များ မရှိစေရ။)

(ဃ) **ပါတီဗဟိုကောင်စီ၏ အလှည့်ကျ သဘာပတိများကို ရွေးကောက်တင်မြှောက်ခြင်း။** ပါတီဗဟို ကောင်စီ အဖွဲ့ဝင်များသည် ၎င်း၏ သဘာပတိ၊ တွဲဖက်သဘာပတိ နှစ်ဦး ကို လေးလတစ်ကြိမ် အလှည့်ကျ ရွေးကောက်တင်မြှောက်ရမည်။

(င) **ဆပ်ကော်မတီများ။** ပါတီဗဟိုကောင်စီသည် ဤပါတီဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ ဆပ်ကော်မတီများကို ဖွဲ့စည်းတည်ထောင်ပြီး ၎င်းတို့၏ လုပ်ငန်းတာဝန်များနှင့် အခွင့်အာဏာများကို သတ်မှတ်အပ်နှင်းရမည်။

(စ) **ပြဋ္ဌာန်းထားသော စည်းမျဉ်းများနှင့် စည်းကမ်းချက်များ**

(၁) ပါတီဗဟိုကောင်စီ အစည်းအဝေးအား ဥက္ကဋ္ဌမှ သတ်မှတ်ထားသော အချိန်နှင့် နေရာတွင် တစ်နှစ်လျှင် အနည်းဆုံးသုံးကြိမ် ကျင်းပ ပြုလုပ်

ရမည်။ ထို့အပြင် ပါတီဗဟိုအမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက် သို့မဟုတ် ၎င်း၏ အဖွဲ့ဝင် ၃၀ ရာခိုင်နှုန်းက တင်ပြတောင်းဆိုလျှင် ခေါ်ယူကျင်းပရမည်။

(၂) ပါတီဗဟိုကောင်စီအဖွဲ့ဝင် အများစုတက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။

၅၃။ **ပါတီဗဟိုအမှုဆောင်အဖွဲ့**

(က) ပါတီ ဗဟိုအမှုဆောင်အဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(၁) ပါတီဗဟိုဥက္ကဋ္ဌ၊

(၂) ပါတီဗဟိုဒုတိယဥက္ကဋ္ဌ သုံးဦး၊

(၃) ပါတီအထွေထွေအတွင်းရေးမှူး၊

(၄) ပါတီတွဲဖက် အထွေထွေအတွင်းရေးမှူး သုံးဦး၊

(၅) ပါတီဗဟိုအမှုဆောင်အဖွဲ့ အစည်းအဝေးအား သဘာပတိ ပြုလုပ်ပေးရမည့် ပါတီဗဟိုကောင်စီသဘာပတိ၊

(၆) ပါတီဗဟိုကောင်စီသဘာပတိ မရှိသည့် အချိန်တွင် ပါတီဗဟိုကောင်စီ တွဲဖက်သဘာပတိများ အနက်မှ တစ်ဦး၊

(၇) ပြည်နယ်/တိုင်းဒေသကြီးများမှ ပါတီ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊

(၈) ပါတီဗဟိုဘဏ္ဍာရေးကော်မတီ ဥက္ကဋ္ဌ၊

(၉) ပြည်ထောင်စုလွှတ်တော်အတွင်း ဦးစီးအဖွဲ့ခေါင်းဆောင်၊

(၁၀) ပါတီဗဟိုလူငယ်အဖွဲ့၏ ဥက္ကဋ္ဌ သို့မဟုတ် ၎င်းက အမည်စာရင်း တင်သွင်းသူ၊

(၁၁) ပါတီဗဟိုအမျိုးသမီးအဖွဲ့၏ ဥက္ကဋ္ဌ သို့မဟုတ် ၎င်းကအမည်စာရင်း တင်သွင်းသူ၊

(၁၂) မဲပေးခွင့်မရှိသော ပါတီအမှုဆောင်အရာရှိချုပ်၊

(၁၃) ပါတီဗဟိုအမှုဆောင်အဖွဲ့ သုံးပုံနှစ်ပုံ၏ လျှို့ဝှက်မဲဖြင့် အတည်ပြု ရွေးချယ်သော နောက်တိုး အဖွဲ့ဝင် အများဆုံး ၆ ဦး။

(ခ) **ပါတီဗဟိုအမှုဆောင်အဖွဲ့၏ အစည်းအဝေးများ၊ တာဝန်နှင့် လုပ်ငန်းများ**

(၁) ပါတီဗဟိုအမှုဆောင်အဖွဲ့ အစည်းအဝေးကို ပုံမှန်ကျင်းပရမည်။ ထို့အပြင် မည်သည့် အချိန်၌ဖြစ်စေ ဗဟိုခေါင်းဆောင် သို့မဟုတ် ပါတီဗဟို ကောင်စီ၏ သဘာပတိက ဆုံးဖြတ်လျှင် သို့မဟုတ် ပါတီဗဟိုအမှုဆောင် အဖွဲ့ဝင် ထက်ဝက်က တောင်းဆိုလျှင် အစည်းအဝေး ခေါ်ယူကျင်းပရမည်။

(၂) ပါတီဗဟိုအမှုဆောင်အဖွဲ့ဝင် အများစု တက်ရောက်လျှင် အစည်းအဝေး အထ မြောက်သည်။

(ဂ) **ပါတီဗဟိုအမှုဆောင်အဖွဲ့၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များ**

(၁) ပါတီဗဟိုကောင်စီ အစည်းအဝေး ကျင်းပနေချိန် မဟုတ်သော အချိန်များတွင် ပါတီဗဟိုအမှုဆောင်အဖွဲ့သည် ပါတီဗဟိုကောင်စီ၏ လုပ်ငန်းများနှင့် တာဝန်များကို ဆောင်ရွက်ကျင့်သုံးရမည်။ သို့သော်လည်း ကိုယ်စားလှယ်လောင်း ရွေးချယ်ရေးစည်းမျဉ်းများနှင့် အတည်ပြုခြင်းများကို ပါတီဗဟိုကောင်စီကသာ ဆောင်ရွက်ခွင့် ရှိသည်။

(၂) ပါတီဗဟိုအမှုဆောင်အဖွဲ့သည် ပါတီလုပ်ငန်းများကို ဦးဆောင်ထိန်းချုပ် လမ်းညွှန် ရမည်။

(၃) သက်ဆိုင်ရာ မြို့တော်ဝန်များ သို့မဟုတ် ဆုံးဖြတ်ပိုင်ခွင့်ရှိသော ခေါင်းဆောင်များ၊ ဝန်ကြီးချုပ်များ၊ သမ္မတတို့နှင့် တိုင်ပင်ဆွေးနွေး ညှိနှိုင်းပြီးနောက် မြို့တော်ကော်မတီဝင်များ၊ ပြည်နယ်/တိုင်း ဒေသကြီး အစိုးရအဖွဲ့ဝင်များ နှင့် အခြားသော အုပ်ချုပ်ရေး ရာထူးများအား ရွေးချယ် အတည်ပြုရမည်။

(၄) အကယ်၍ ပြည်နယ်/တိုင်းဒေသကြီးတစ်ခုသည် ပါတီဗဟိုအမှုဆောင် အဖွဲ့၏ ဆုံးဖြတ်ချက်များကို အကောင်အထည် ဖော်ရန် ပျက်ကွက်နေလျှင်၊ ထို့အပြင် ရက် ၃၀ အတွင်း ပါတီဗဟိုအမှုဆောင်အဖွဲ့၏ ညွှန်ကြားချက်ကို လိုက်နာရန် ထပ်မံပျက်ကွက်နေလျှင် ပါတီဗဟိုအမှုဆောင်အဖွဲ့က အရေးယူရန် ဆောင်ရွက်နိုင်သည်။

## အခန်း (၉)

## ဘဏ္ဍာရေး ကော်မတီ

**ပါတီဗဟိုဘဏ္ဍာရေးကော်မတီ**

၅၄။ ပါတီဗဟိုဘဏ္ဍာရေးကော်မတီအား အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) ပါတီဗဟို ဘဏ္ဍာရေးကော်မတီ ဥက္ကဋ္ဌ၊ (ထိုသူသည် အစည်းအဝေးများကို ကြီးမှူးရမည်)

(ခ) ပါတီဗဟိုဥက္ကဋ္ဌ၊

(ဂ) ပါတီ အထွေထွေအတွင်းရေးမှူး၊

(ဃ) ပါတီဗဟိုကောင်စီ သဘာပတိ၊

(င) ပါတီဗဟိုကောင်စီ တွဲဖက်သဘာပတိများ၊

(စ) မဲပေးခွင့်မရှိသော ပါတီအမှုဆောင်အရာရှိချုပ်၊

(ဆ) မဲပေးခွင့်မရှိသော ပါတီဘဏ္ဍာရေး အရာရှိချုပ်၊

(ဇ) ပြည်နယ်/တိုင်းဒေသကြီး ဘဏ္ဍာရေးကော်မတီဥက္ကဋ္ဌများ၊ သို့မဟုတ် ၎င်းတို့က အမည်စာရင်း တင်သွင်းသူများ၊

(ဈ) ပါတီဗဟိုအမှုဆောင်အဖွဲ့နှင့် ဆွေးနွေးညှိနှိုင်းပြီး ရွေးချယ်ထားသော လူပုဂ္ဂိုလ် အများဆုံး ၄ ဦး အထိ။

၅၅။ ပါတီဗဟိုဘဏ္ဍာရေးကော်မတီသည် အောက်ပါအချက်များကို တာဝန် ထမ်းဆောင်ရမည် -

(က) ပါတီ၏ ဘဏ္ဍာရေးလုပ်ငန်းများကို စိစစ်ချင့်ချိန်၍ တာဝန်ယူမှုရှိစွာ ဆောင်ရွက်နေကြောင်း ခိုင်မာသေချာစေရန် စစ်ဆေးရမည်။

(ခ) ပါတီ၏ အဖွဲ့အစည်းအားလုံးက လိုက်နာရမည့် ဘဏ္ဍာရေး လုပ်ထုံး လုပ်နည်းများကို ရေးဆွဲပြဋ္ဌာန်းပေးရမည်။

(ဂ) လိုအပ်သော အချိန်တွင် ဘဏ္ဍာရေး၊ ရန်ပုံငွေရှာဖွေရေးနှင့် ဝယ်ယူရေးမူဝါဒ (ဘဏ္ဍာရေးစည်းမျဉ်း) ကို ဆုံးဖြတ်ခြင်း နှင့် ပြုပြင်ပြောင်းလဲခြင်း၊ ၎င်းကို ပါတီဗဟို ကောင်စီက အတည်ပြုပေးပြီး ပါတီ၏ အဖွဲ့အစည်းများ အားလုံးနှင့် ဝန်ထမ်းများက လိုက်နာရမည်။

(ဃ) ဗဟို၊ ပြည်နယ်/တိုင်းဒေသကြီးနှင့် မြို့နယ်အဖွဲ့များ အားလုံး နှစ်စဉ်ဘဏ္ဍာ နှစ်ကုန်ပြီး ၆ လအတွင်း နှစ်ပတ်လည် စာရင်းစစ်ဆေးခြင်းနှင့် စာရင်းစစ်အစီရင်ခံစာ ထုတ်ပြန်ခြင်းများကို ကြီးကြပ်ဆောင်ရွက်ရမည်။

(င) ပါတီ၏ လုပ်ငန်းများအတွက် နှစ်စဉ်နှင့်ကာလလတ် ရငွေနှင့် အသုံးစရိတ် ဘဏ္ဍာငွေ လျာထားချက်အား ရေးဆွဲရမည်။ ထိုဘဏ္ဍာငွေ ခန့်မှန်း လျာထားချက်အား ပါတီဗဟို အမှုဆောင် အဖွဲ့ထံသို့ တင်သွင်းပြီး အတည်ပြုချက် ရယူရမည်။

(စ) ပါတီ၏ အဖွဲ့အစည်းများအကြား ပေါ်ထွက်လာသော ဘဏ္ဍာရေးဆိုင်ရာ အငြင်းပွား မှုများကို ဖြေရှင်းပေးရမည်။

(ဆ) ဘဏ္ဍာရေးကော်မတီပုံမှန်အစည်းအဝေးကို သုံးလတစ်ကြိမ် ပြုလုပ်ရမည်။

(ဇ) ပါတီအမှုဆောင်အရာရှိချုပ်သည် သူ၏ မူလတာဝန် လုပ်ငန်းများအပြင် ပါတီ၏ စာရင်းကိုင်အရာရှိလည်း ဖြစ်သည်။

## အခန်း (၁၀)

## ဗဟိုဥပဒေရေးရာကော်မရှင်၊ စည်းကမ်းထိန်းသိမ်းရေးနှင့် စေ့စပ်ဖြေရှင်းရေးအဖွဲ့

၅၆။ **ဗဟိုဥပဒေရေးရာကော်မရှင်**

(က) ဗဟိုညီလာခံအစည်းအဝေးတွင် ဗဟိုဥပဒေရေးရာကော်မရှင် ဥက္ကဋ္ဌနှင့် ဒုတိယ ဥက္ကဋ္ဌ တို့ကို ရွေးကောက်တင်မြှောက်ရမည်။ ယင်းဗဟိုညီလာခံတွင် ဗဟိုဥပဒေရေးရာ ကော်မရှင် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက ဦးဆောင်ပြီး အနည်းဆုံး ဥပဒေရေးရာ အရည်အချင်းပြည့်မီသူ ၃၀% ပါဝင်သည့်အဖွဲ့ဝင် ၂၀ ဦးထိခန့်အပ်နိုင်ရန် ဗဟို ကောင်စီ သို့ အမည်စာရင်းတင်သွင်းရမည်။

(ခ) ဥပဒေရေးရာကော်မရှင်အဖွဲ့ဝင်များသည် ပါတီဝင် ဖြစ်ရမည်။

(ဂ) ဗဟိုဥပဒေရေးရာကော်မရှင်သည် အမှုကိစ္စများကြားနာရန်အတွက် အဖွဲ့ဝင် ၃ ဦး ပါဝင်သည့် ခုံသမာဓိအဖွဲ့ဖွဲ့စည်းနိုင်ရန် စည်းမျဉ်းစည်းကမ်းများချမှတ်ရမည်။ ၎င်းခုံ သမာဓိ အဖွဲ့တွင် ဥပဒေဆိုင်ရာအရည်အချင်းပြည့်မီသူ အနည်းဆုံး ၁ ဦး ပါဝင်ရမည်။

၅၇။ **ဗဟိုဥပဒေရေးရာကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်**

(က) ဗဟိုဥပဒေရေးရာကော်မရှင်သည် ဤဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ လုပ်ဆောင်ရန် ရှိသောကိစ္စရပ်များကို ဖော်ဆောင်နိုင်ရန် တာဝန်ရှိသည်။ ထို့အပြင် ဗဟိုခေါင်းဆောင် သို့မဟုတ် ဗဟိုအလုပ်အမှုဆောင် သို့မဟုတ် ဗဟိုကောင်စီ မှ တောင်းဆို ခဲ့သည်ရှိသော် -

(၁) ပါတီဖွဲ့စည်းပုံစည်းမျဉ်းကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရမည်။

(၂) ပါတီဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ ပြင်ဆင်ချက်များကို အတည်ပြုရမည်။

(၃) အငြင်းပွားမှုများကို ဥပဒေနှင့်အညီ ဆုံးဖြတ်ချက်ချမှတ်ရမည်။

(၄) ပါတီဖွဲ့စည်းပုံအဆင့်ဆင့်တိုင်းတွင် အစည်းအဝေး၊ လုပ်ဆောင်မှု၊ ရွေးကောက်တင်မြှောက်မှု၊ ဆုံးဖြတ်ချက်တစ်ခုခု တို့နှင့်စပ်လျဉ်း၍ တရားဥပဒေနှင့် ညီ/မညီ အတည်ပြုပေးရမည်။

(၅) ပါတီ ဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ အယူခံတင်သွင်းမှုများကို ဆုံးဖြတ်ရမည်။

(၆) ပါတီဝင်တစ်ဦးဦးအား အခွင့်အာဏာရပ်စဲသည့်ဖြစ်စဉ်များကို ဗဟိုအမှု ဆောင်အဖွဲ့သို့ မတင်သွင်းမီ ပြန်လည်သုံးသပ်ရမည်။

(ခ) မည်သည့်ပြဿနာရပ်ကိုဖြစ်စေ အထက်ပါနည်းလမ်းများဖြင့်ဖြေရှင်းရန် ဗဟို အမှုဆောင်အဖွဲ့နှင့် ဗဟိုဥပဒေရေးရာကော်မရှင် က ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ရမည်။

(ဂ) ဗဟိုဥပဒေရေးရာကော်မရှင် ဥက္ကဋ္ဌက အမှုတွဲများပြီးဆုံးသည့်အခါ ဗဟိုအမှုဆောင် ကော်မတီ သို့မဟုတ် ဗဟိုကောင်စီ သို့ အစီရင်ခံစာ အပြည့်အစုံ တင်ပြရမည်။

(ဃ) ပါတီက ဖဟိုဥပဒေရေးရာကော်မရှင်ကို ရန်ပုံငွေ ထောက်ပံ့ပေးရမည်။

(င) စေ့စပ်ဖြေရှင်းရေးဆိုင်ရာအတွေ့အကြုံရှိဖူးသည့် ဖဟိုဥပဒေရေးရာကော်မရှင် အဖွဲ့ဝင်များ ကသာလျှင် စေ့စပ်ဖြေရှင်းရေးလုပ်ငန်းစဉ်တွင် ပါဝင် ဆောင်ရွက်ရမည်။

၅၈။ **ဖဟိုဥပဒေရေးရာကော်မရှင်သို့လွှဲပြောင်းပေးခြင်း။** ပြည်နယ်/တိုင်းဒေသကြီး အမှုဆောင်သည် မည်သည့်အဖွဲ့ဝင်ကိုမဆို လွဲမှားသောပြုမူ လုပ်ဆောင်ချက်နှင့် စပ်လျဉ်းသည့် စုံစမ်းမှုသို့မဟုတ် စစ်ဆေးမှုကို ဖဟိုဥပဒေရေးရာ ကော်မရှင်ထံသို့ ဖဟိုအမှုဆောင် အဖွဲ့မှ တဆင့်လွှဲပြောင်းနိုင်သည်။

၅၉။ **နံ့သမာဓိအဖွဲ့၏တွေ့ရှိချက်များ**

(က) နံ့သမာဓိအဖွဲ့သည် စွပ်စွဲထားသည့်ပြစ်မှုအတွက် အပြစ်ကျူးလွန်ခြင်း ရှိ/မရှိ ရှာဖွေဖေါ်ထုတ်နိုင်သည်။ အပြစ်ကျူးလွန်ကြောင်း တွေ့ရှိရပါက နံ့သမာဓိအဖွဲ့သည် အောက်ပါအတိုင်း ဆုံးဖြတ်နိုင်သည် -

(၁) ထိုပုဂ္ဂိုလ်၏အဖွဲ့ဝင်ဖြစ်ခြင်းကို ရုပ်စဲခြင်း။

(၂) ထိုပုဂ္ဂိုလ်၏အဖွဲ့ဝင်ဖြစ်ခြင်းကို ကာလတစ်ခုထိ ယာယီရပ်ဆိုင်း ထားခြင်း။

(၃) ထိုပုဂ္ဂိုလ်အား ပါတီ၏လက်ရှိရာထူးကိုဖြစ်စေ၊ အခြားမည်သည့်ရာထူးကိုဖြစ်စေ တာဝန်ထမ်းဆောင်ခြင်းမှ ယာယီရပ်ဆိုင်းထားခြင်း၊ သို့မဟုတ် ပါတီဝင် အခွင့်အရေးများအားလုံးကို ယာယီရပ်ဆိုင်းထားခြင်း။

(၄) အဖွဲ့ဝင်ကို သတိပေးဆုံးမခြင်း။

(ခ) ဖဟိုဥပဒေရေးရာကော်မရှင်သည် စုံစမ်းတွေ့ရှိချက်များနှင့် အကြံပြုမှတ်ချက်များ ကို ဖဟိုကောင်စီနှင့် ဖဟိုအမှုဆောင်အဖွဲ့သို့တင်ပြရမည်။

(ဂ) ဖဟိုဥပဒေရေးရာကော်မရှင်က အယူခံများကို လက်ခံခြင်းနှင့်သုံးသပ်ခြင်း များကိုပြုလုပ်နိုင်သည်။

(ဃ) မည်သည့်အယူခံ သို့မဟုတ် သုံးသပ်ချက်အစိတ်အပိုင်းကိုဖြစ်စေ ဤဖွဲ့စည်းပုံစည်းမျဉ်းအရ သို့မဟုတ် ဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီ ဖဟိုအမှုဆောင်အဖွဲ့က ချမှတ်သော ဆုံးဖြတ်ချက်သည် အပြီးသတ်နှင့် နောက်ဆုံးဖြစ်ရမည်။

၆၀။ **ဖဟိုကောင်စီသို့တင်ပြခြင်း။** ဖဟိုဥပဒေရေးရာကော်မရှင်သည် အပြီးသတ်ဆုံးဖြတ်ချက် မချမှတ်ရသေးမီ ပြဿနာရပ် အားလုံး၏ စုံစမ်းတွေ့ရှိချက်၊ အကြံပြုမှတ်ချက်အားလုံးကို ဖဟိုကောင်စီ အစည်းအဝေးတွင် တင်ပြရမည်။ ပြည်နယ်/တိုင်းဒေသကြီး စည်းကမ်းထိန်းသိမ်းရေးကော်မတီကလည်း သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး ကောင်စီ အစည်းအဝေးတိုင်းတွင် တင်သွင်းရမည်။

## အခန်း (၁၁)

## အခြားအဖွဲ့အစည်းများနှင့်ဆက်သွယ်ဆောင်ရွက်ခြင်း

**နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်ဆံရေး**

၆၁။ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်ဆံရေးအစဉ်တိုးမြှင့်တည်ဆောက်သကဲ့သို့ ရရှိပြီးဆက်ဆံရေး ကိုလည်း တည်တံ့ခိုင်မြဲစေရန် ကြိုးပမ်းရမည်။

၆၂။ **အခြားပါတီများနှင့် သဘောတူညီမှုရယူရန် အကြိုညှိနှိုင်းခြင်း။** ပါတီဝင်များမှ အခြားပါတီများ သို့မဟုတ် တစ်သီးပုဂ္ဂလ လွှတ်တော် ကိုယ်စားလှယ် များနှင့် ရွေးကောက်ပွဲဝင်ခြင်း သို့မဟုတ် အခြား ကိစ္စရပ်များအပေါ် လိုအပ်သော သဘော တူညီမှုများအတွက် အကြိုညှိနှိုင်းခွင့်ရှိသည် -

(က) မည်သည့်အဖွဲ့ဝင်ဖြစ်စေ၊ ပါတီကိုကိုယ်စားပြု၍ မိမိ ပုဂ္ဂလိက ရည်မှန်းချက် အတွက် ညှိနှိုင်းခြင်းမပြုရ။

(ခ) မြို့နယ်အဖွဲ့၊ သို့မဟုတ် ပြည်နယ်/တိုင်းဒေသကြီးကောင်စီ သို့မဟုတ် ဗဟိုအမှုဆောင်များ၏ ခွင့်ပြုချက်မရှိဘဲ ညှိနှိုင်းခြင်းမပြုရ။

(ဂ) ညှိနှိုင်းဆွေးနွေးမှုများအပေါ် ပါတီဗဟိုအမှုဆောင်အဖွဲ့၏ အစည်းအဝေး တွင် တင်ပြပြီး အတည်ပြုချက် ရယူရမည်။

## အခန်း (၁၂)

## အထွေထွေစည်းကမ်းချက်များ

**အထွေထွေစည်းကမ်းချက်များ**

၆၃။ **ပြင်ဆင်ခြင်း၊ အခြားပါတီများနှင့် ပူးပေါင်းခြင်းနှင့် ဖျက်သိမ်းခြင်း။** ပါတီဗဟိုညီလာခံ ကသာလျှင် ဤဖွဲ့စည်းပုံစည်းမျဉ်းကိုပြင်ဆင်ခြင်း၊ အခြားပါတီများနှင့် ပူးပေါင်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း ကိုဆောင်ရွက်နိုင်သည်။ အထူးအစည်းအဝေး၌ မဲခွဲဆုံးဖြတ်၍ ဖေါ်ပြရာတွင် မဲပေးခွင့်ရှိသူ ၃ ပုံ ၂ ပုံထက် မလျော့နည်းပါက အတည်ဖြစ်ပြီး သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီးများသို့ ပါတီဗဟိုညီလာခံပြုလုပ်ပြီး ၄ ပတ် အတွင်း အကြောင်းကြားရမည်။

၆၄။ **ပါတီဖွဲ့စည်းပုံစည်းမျဉ်းအား ဘာသာပြန်ဆိုခြင်း။** ဤပါတီဖွဲ့စည်းပုံစည်းမျဉ်းကို အခြားသော ဘာသာစကားသို့ ပြန်ဆိုအသုံးပြုရာတွင် အဓိပ္ပါယ်ကွဲလွဲမှုရှိပါက မြန်မာဘာသာ သည်သာ အတည်ဖြစ်စေရမည်။

၆၅။ **အစည်းအဝေးအထမြောက်ခြင်း။** မည်သည့်အစည်းအဝေးဖြစ်စေ အစည်းအဝေးစရိန်၌ တက် ရောက်သော လူဦးရေအင်အားကိုသာ အစည်းအဝေး အထမြောက်ခြင်းအတွက် ရေတွက်ပြီး သတ်မှတ်ထားသော လူဦးရေအင်အား ပြည့်မီပါက အစည်းအဝေး အထမြောက်သည်။

၆၆။ **တိုးချဲ့ဖွဲ့စည်းသော အဖွဲ့ဝင်၏ အဆင့်အတန်း။** ပါတီဖွဲ့စည်းပုံတနေရာရာတွင် အဖွဲ့ဝင် အသစ်အား တိုးချဲ့ဖွဲ့စည်းခဲ့ပါက ၎င်းအဖွဲ့ဝင်အသစ်သည် ဤပါတီဖွဲ့စည်းပုံစည်းမျဉ်းအရ အထူးတားမြစ်ချက်မရှိပါက ပါတီဝင် အခွင့်အရေးအပြည့်အဝ ရရှိစေရမည်။

၆၇။ **အဓိပ္ပါယ်ဖွင့်ဆိုချက်များ။** ဤပါတီဖွဲ့စည်းပုံစည်းမျဉ်းတွင် ဖေါ်ပြထားသည့် စကားလုံးများနှင့် စာကြောင်းများသည် သက်ဆိုင်ရာ ဆိုလိုချက်များနှင့် ဆန့်ကျင် အဓိပ္ပါယ်ကွဲလွဲခြင်းမရှိပါက အောက်ပါအတိုင်း အဓိပ္ပါယ်ဖွင့်ဆိုရမည်-

(က) **"စည်းကမ်းထိန်းသိမ်းရေးကော်မတီ"** ဆိုသည်မှာ ဤပါတီဖွဲ့စည်းပုံစည်းမျဉ်း သို့မဟုတ် ဗဟိုဥပဒေရေးရာကော်မရှင်၏ ခုံသမာဓိအဖွဲ့က သက်ဆိုင်ရာ ပြဿနာရပ်ကို စုံစမ်းကြားနာရန်အတွက် လိုအပ်ချက် သဘောသဘာဝအရ စည်းကမ်းထိန်းသိမ်းမှု လုပ်ငန်းဆောင်ရွက်ရန် ဖွဲ့စည်းထားသော ကော်မတီကို ဆိုလိုသည်။

(ခ) **"နောက်ကြောင်းရာဇဝင်ကင်းရှင်းခြင်း"** ဆိုသည်မှာ အမည်စာရင်းတင်သွင်း ချိန်တွင် အဖွဲ့ဝင်သည် ဗဟိုအမှုဆောင်အဖွဲ့က အလိုရှိသော အဆိုပါပုဂ္ဂိုလ်၏ နောက်ကြောင်း အချက်အလက်များကို တိကျမှန်ကန်စွာ ဖေါ်ပြရမည်။ ထို့အပြင် ၎င်းသည် အခြား ပါတီ တစ်ခုခုတွင် အနည်းဆုံး ရက် ၃၀ ကြာ အဖွဲ့ဝင်ဖြစ်ခဲ့ခြင်း သို့မဟုတ် ၎င်းသည် သက်ဆိုင်ရာပါတီတစ်ခုခုတွင် ငွေရေးကြေးရေး ပြဿနာပေါ်ပေါက်ခဲ့ဖူးခြင်းနှင့် ၎င်း၏ နောက်ဆက်တွဲပြဿနာများကို ထိန်ချန်ခြင်းမရှိဘဲ ဖော်ပြရမည်။

(ဂ) **"အသိပေးခြင်း"** ဆိုသည်မှာ နှစ်ပတ်လည်အစည်းအဝေးများ၊ အထူး အစည်းအဝေး များနှင့် ရွေးကောက်တင်မြှောက်မှု အစည်းအဝေးများအတွက် အကြောင်းကြားစာ များနှင့် ဖိတ်စာများကို ၇၂ နာရီထက် နောက်မကျစေဘဲ ပေးပို့ရမည်။

(ယ) **"သဘာပတိအဖြစ်ဆောင်ရွက်ခြင်း"** ဆိုသည်မှာ ဗဟိုအမှုဆောင်အဖွဲ့က ခန့်အပ်ခြင်းခံရသော ပုဂ္ဂိုလ်တစ်ဦးသည် ပါတီ၏ဗဟိုညီလာခံတွင် သဘာပတိအဖြစ် ဆောင်ရွက်ခြင်းကို ဆိုလိုသည်။

(ရ) **"တရားဝင်တည်ရှိခြင်း"** ဆိုသည်မှာ ပါတီ၏ ဖွဲ့စည်းပုံစည်းမျဉ်းများနှင့်အညီ လုပ်ငန်းများ ဆောင်ရွက်ခြင်းကိုဆိုလိုသည်။

(လ) **"ပါတီအတွက်မဲပေးခြင်း"** ဆိုသည်မှာ နိုင်ငံအတွင်းကျင်းပပြုလုပ်သော ရွေးကောက်ပွဲများတွင် ပြည်ထောင်စုလွှတ်တော်အတွက်ဖြစ်စေ သို့မဟုတ် ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်အတွက်ဖြစ်စေ၊ ဥပဒေပြုရေး သို့မဟုတ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ပြည်ထောင်စုအစိုးရ၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများ၊ ဒေသဆိုင်ရာအစိုးရ အတွက်ဖြစ်စေ မိမိပါတီမှတင်သွင်းသော ကိုယ်စားလှယ်များကိုသာ မဲပေးခြင်းကို ဆိုလိုသည်။

(ဝ) **"ရေးသားဆက်သွယ်ခြင်း"** ဆိုသည်မှာ အသိပေးအကြောင်းကြားခြင်းများကို စာတိုက်၊ မှတ်ပုံတင်စာပို့စနစ်၊ (Fax) ဖက်စ်စနစ်၊ Viber ၊ Facebook Messenger၊ Skype သို့မဟုတ် အီးမေးစနစ်များဖြင့် ဆက်သွယ်ပေးပို့ခြင်းကိုဆိုလိုသည်။